မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ်(၉၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လူမှုစီးပွား အခြေခံအဆောက်အအုံများစွာကို နေ့မအား၊ ညမနား ဆောက်လုပ်ပေးလျက်ရှိ

လမ်းပန်းဆက်သွယ်ရေး ချောမွေ့ခြင်းသည် အဓိကကျသောကြောင့် ကျေးရွာချင်းဆက်၊ မြို့ချင်းဆက်လမ်းများ၊ အဝေးပြေးလမ်းမကြီးများ၊ ကားလမ်းကူးတံတားများ၊ ရထားလမ်းကူးတံတားများ၊ မြစ်ကူးချောင်းကူး တံတားကြီးများကို တည်ဆောက်ခြင်း၊ မီးရထားလမ်းများ တိုးချဲ့ခြင်း၊ ဆိပ်ကမ်း ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ လေယာဉ်ကွင်းကြီးများ အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း စသည့် လူမှုစီးပွား အခြေခံအဆောက်အအုံများစွာကို အရှိန်အဟုန်မြှင့် နေ့မအား၊ ညမနား ဆောက်လုပ်ဆောင်ရွက်လျက်ရှိခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမကဘဲ ပြည်ထောင်စု တိုင်းရင်းသားတစ်ရပ်လုံးချစ်ကြည်ရင်းနှီး ပေါင်းစည်းရေးဆိုင်ရာ လူမှုအဆောက်အအုံများ တည်ဆောက်နေခြင်းလည်း ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ–

ရန်ကုန်–မန္တလေး အစုန်အဆန်ရထားများ အချိန်စောင့်ဆိုင်းမနေရဘဲ ပြေးဆွဲနိုင်သည့် နေပြည်တော် ပျဉ်းမနား–မြို့ဟောင်း ဒွေးလမ်းရထားလမ်းကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၄ ရက်က ဤသို့ဖွင့်လှစ်ပြေးဆွဲခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

- ➢ အစဉ်စောင့်ရှောက်ပေး လွတ်လပ်ရေး — ဒေါက်တာသန်းဦး၏ ကဗျာ စာ - ၈
- ➢ ၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး(တံတား) ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း — စာ - ၈
- ➢ လွတ်လပ်ရေး၏ အရသာ.... လွတ်လပ်ရေး၏ အကျိုးကျေးဇူးအဖြာဖြာ — တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး စာ - ၉
- ➢ လွတ်လပ်ရေးရဲ့ အရသာ နားလည်တန်ဖိုးထား — ရဲမင်းထက်၏ ကာတွန်း စာ - ၉
- ➢ ထိန်းသိမ်းအပ်ပေ ဘိုးဘွားအမွေ — မောင်မောင်မိုးအောင်၏ ကဗျာ စာ - ၂၀

2-1 (01).pmd 1 1/2/2009, 2:13 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂ ရက်)

စီးပွားရေးလုပ်ငန်း ပြန်လည်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက် မြို့ပြနှင့်ကျေးရွာ ခေတ်မီဖွံ့ဖြိုးစည်ပင်ရန် လက်တွေ့ကြိုးပမ်း

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒီဇင်ဘာ ၂၈ရက်က မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိခဲ့သည်။

ဧရာဝတီတိုင်းသည် သဘာဝအရင်းအမြစ်ပေါကြွယ်ဝသော ဒေသဖြစ်သည်။ ယင်းသဘာဝအရင်းအမြစ်များကိုဖော်ထုတ်၍ အပြည့်အဝ အသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ကြရမည် ဖြစ်သည်။

အတိတ်ကာလက မြစ်ချောင်းပေါများသော ဧရာဝတီတိုင်း၌ ကားလမ်းဖောက်ရန်၊ တံတားဆောက်လုပ်ရန်ကိစ္စသည် လက်တွေ့မဖြစ်နိုင်သည့် စိတ်ကူးယဉ်၍သာရသည့်ကိစ္စဟု ပြောဆိုခဲ့ကြသည်။ ယနေ့ နိုင်ငံတော်အစိုးရ၏ အားထုတ်ကြိုးပမ်းမှုကြောင့် မြစ်ကူး၊ ချောင်းကူးတံတားကြီးများနှင့် ကားလမ်းများ ပေါ်ထွက်လာခဲ့သဖြင့် ကူးသန်းရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ ဘက်စုံဖွံ့ဖြိုးလာခဲ့သည်။

နိုင်ငံတော်အကြီးအကဲက "အမြဲတီထွင်ကြံဆနည်းလမ်းရှာ၍ မြေသယံဇာတကို အပြည့်အဝအသုံးချရေး၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးတို့ကို ဖော်ဆောင်လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း" လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းတိုးတက်လာရန် ကူညီပံ့ပိုးပေးခဲ့ပြီး ဆက်လက်၍လည်း ကူညီထောက်ပံ့သင့်သည်များကို ကူညီထောက်ပံ့မှာ ဖြစ်ပေသည်။ ဒေသခံပြည်သူများအနေဖြင့် စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားဆောင်ရွက်သကဲ့သို့ မြို့နှင့်ကျေးရွာများကိုလည်း ကျေးရွာအင်္ဂါရပ်နှင့်အညီ စနစ်တကျခေတ်မီဖွံ့ဖြိုးစည်ပင်လာစေရန် ဝိုင်းဝန်းကြိုးပမ်းသွားကြရမည် ဖြစ်သည်။

ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အသက်ရှည်ကျန်းမာရန်၊ အာဟာရဓာတ်ပြည့်ဝရန် နေနည်းထိုင်နည်း စားသောက်နည်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မီးဖိုချောင်သုံး သီးနှံစိုက်ပျိုးနည်း၊ အိမ်တွင်းလက်မှုအတတ်ပညာစသည်တို့ကို ကျေးလက်ပြည်သူများသိရှိနိုင်ရန် အဖွဲ့များ စနစ်တကျဖွဲ့စည်း၍ သင်တန်းများပို့ချပေးရန်လိုအပ်မည် ဖြစ်သည်။

သို့ဖြစ်ပေရာ လေဘေးသင့်ဒေသများ မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ စီးပွားရေးလုပ်ငန်း ပြန်လည်တိုးတက်ရန်သာမက မြို့နှင့်ကျေးရွာများကို မြို့အင်္ဂါရပ်၊ ကျေးရွာအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ရာ၌ နိုင်ငံတော်နှင့်အတူ ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ စိတ်တိုင်းကျစားသောက်ဆိုင်၌ ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းကြိုင်(ငြိမ်း)နှင့် နာယက ဦးတင်စိုး (ပါမောက္ခ-ငြိမ်း)တို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်က လည်းကောင်း၊ အသင်း၏ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးလှဝင်းက လည်းကောင်း ဖတ်ကြားတင်ပြပြီး အသင်းသားများကိုယ်စား နာယက ဦးအောင်သိန်းက အသင်း၏ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးအကြံပြုကာ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသာအောင်(ငြိမ်း)၊ အတွင်းရေးမှူး ဗိုလ်ကြီးသောင်းညွန့်(ငြိမ်း)နှင့် ဘဏ္ဍာရေးမှူး ဦးလှဝင်းတို့ ဦးဆောင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ ဆက်လက်၍ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ကျိုက်မရောမြို့နယ်စာစစ်ဌာနမှ အမှတ်အများဆုံးရရှိသူ သုံးဦးနှင့် မွန်ပြည်နယ် ဝိဇ္ဇာဘာသာတွဲ တတိယရရှိသူတစ်ဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၀၉ (သောကြာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ခန္တီဉာဏ်ရောက် ဒိဋ္ဌိဖြုတ်** တရားတော် (အိုးကွဲ၊ ပန်းကန်ကွဲ ဖြစ်ပျက်ဥပမာပြ) (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၇:၅၅-၁:၅၅	တေးဂီတအစီအစဉ်
၈:၀၀-၂:၀၀	သတ္တုတူးသော ရွာကလေး
၈:၁၅-၂:၁၅	VJ Choice
၈:၃၅-၂:၃၅	Man and the Elephant (အပိုင်း-၂)
၉:၁၀-၃:၁၀	တေးဂီတအစီအစဉ်
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	စမ်းသပ်စိုက်ပျိုး ဝင်ငွေတိုး (နဂါးမောက်ပင် စိုက်ပျိုးနည်း)
၉:၄၀-၃:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅-၃:၄၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀:၁၀-၄:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅-၄:၁၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀:၂၅-၄:၂၅	Say it in English
၁၀:၃၅-၄:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅-၄:၄၅	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၁:၀၀-၅:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	Art Vision (Bagyi Lynn Wunna 5th Solo Art Show Survival)
၁၁:၁၅-၅:၁၅	ယုံကြည်မှုဖြင့်... Spa My Way
၁၁:၂၀-၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၁:၄၅-၅:၄၅	ရေပျော်ငှက်တို့အားထားရာ အမှန်ရေကြောင်းပညာသိပ္ပံ
၁၂:၂၀-၆:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅-၆:၂၅	ကျန်းမာရေးအတွက် ရေချိုးစက်
၁၂:၄၀-၆:၄၀	Electrical ပစ္စည်းများမှ ပြောသည့်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်		
နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၅	Tottenham - Wigan	Star Sports (Live)

မြဝတီရုပ်မြင်သံကြား

၂-၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၁၅	၄။	မဟာဂီတချိုကြည်မြ
၄:၂၀	၅။	မျိုးချစ်တပ်မတော်
၄:၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀	၇။	မြန်မာစာ မြန်မာစကား
၅:၀၀	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၈)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ရှင်သန်နေသောသီချင်းများ (Living Songs)
	၂၀။	စိုက်ပျိုးသုတ
	၂၁။	သာယာသီကြွေး ခေတ်ဆန်းတေး
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲကပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၅)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမှတ်(၄)အထပ်သားစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပုသိမ်မြို့ အမှတ်(၄) အထပ်သားစက်ရုံနှင့် သစ်စက်များ သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဒီဇင်ဘာ ၂၉ ရက်က ပုသိမ်မြို့ အမှတ်(၄)အထပ်သားစက်ရုံရှိ စက်ရုံရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက စက်ရုံလုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အထပ်သားထုတ်လုပ်မှု

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း အထပ်သားထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

တင်ပို့ရောင်းချ

အဆိုပါစက်ရုံသည် မြန်မာ့သစ်လုပ်ငန်းနှင့် Win & Win Trading Co., Ltd တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စက်ရုံမှထွက်ရှိသော သစ်မာအထပ်သားများကို ပြည်တွင်း ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ယင်းနောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် အမှတ်(၁၃)သစ်စက်နှင့် အမှတ်(၁၈)သစ်စက်တို့သို့ ရောက်ရှိပြီး သစ်စက်အတွင်း သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဒလမြို့နယ် အမှတ်(၃) ဗိုလ်ရန်ပြေရပ်ကွက် ဗိုလ်ဥတ္တမ ၁ လမ်းနေ ဦးတင်ကြည်-ဒေါ်ကျင်စိန် မိသားစုက မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်း လက်ခံယူစဉ်။ (၁၀၅)

2-1 (02).pmd 1 1/2/2009, 2:13 AM

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုအထိမ်းအမှတ် သတင်းမြင်ကွင်းအဖြာဖြာ

ရန်ကုန် ဇန်နဝါရီ ၁

မရမ်းကုန်းမြို့နယ်၌ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲကျင်းပ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အားကစားကွင်း၌ ပျော်ပွဲရွှင်ပွဲ၊ အားကစားပွဲနှင့် အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၇နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးအေးနိုင်နှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီနာယက၊ မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌ ဂီတစာဆို သမိုင်း-ကိုကိုလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ချီးမြှင့်မည်

လွတ်လပ်ရေးအထူးဈေးရောင်းပွဲတော်တွင် ဇန်နဝါရီ ၁ရက်မှ ၅ရက်အထိ လူသုံးကုန်၊ အလှကုန်၊ အထည်အလိပ်၊ စားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ အထူးရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပြိုင်ပွဲ၊ ဆန်ကောရွက်၊ ထုပ်ဆီးတိုး၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ (အောက်ပုံ)၊ ပြေးပွဲပြိုင်ပွဲ အားကစားပွဲများကို ယနေ့မှစ၍ နေ့စဉ်ကျင်းပကာ ဆုရရှိသူများအား ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) ညဦးပိုင်းတွင် ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

ချောက်မြို့နယ် အေးစေတီလမ်း ကတ္တရာလမ်းသစ်ဖွင့်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ချောက်မြို့နယ် အမှတ်(၁၀)နယ်မြေ အေးစေတီရပ်ကွက်ရှိ အေးစေတီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃၀ရက် နံနက် ၈နာရီတွင် အဆိုပါကတ္တရာလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။ (အပေါ်ပုံ)

လှည့်လည်ကြည့်ရှု

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကြွရောက်လာသော ဧည့်ပရိသတ်များနှင့်အတူ ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တာဝန်ယူဆောင်ရွက်

အဆိုပါ အေးစေတီလမ်း ကတ္တရာလမ်းသစ်သည် အရှည် ပေ ၁၃၀၀၊ အကျယ် ၁၂ပေဖြစ်ပြီး ယင်းကတ္တရာလမ်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ် ၉၅၁၃၀၀၀ဖြင့် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နွားထိုးကြီးမြို့ သပြေလမ်း ကတ္တရာလမ်းဖွင့်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် နွားထိုးကြီးမြို့ သပြေလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁ရက် နံနက်က အမှတ်(၅)ရပ်ကွက် အဆိုပါလမ်းထိပ်ရှိ မုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်မောင်သောင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာလာမျိုးနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်မိဘပြည်သူများနှင့် အထက်တန်းကျောင်း ဘင်ခရာတီးဝိုင်းအဖွဲ့များ တက်ရောက်ကြသည်။

သပြေလမ်းသစ်မှာ လမ်းအကျယ် ၁၂ပေ၊ လမ်းအရှည် ၉၈၉ပေရှိပြီး ကုန်ကျတန်ဖိုးငွေ ကျပ်သိန်းလေးဆယ့်သုံးသောင်းကိုးထောင်ဖြစ်ကြောင်း သတင်းရရှိသည်။

ဗဟန်းမြို့နယ်၌ အားကစားပြိုင်ပွဲများကျင်းပ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုအထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရပ်ကွက်ပေါင်းစုံအသင်းဝင်များ ဗိုလ်စိန်မှန်အားကစားကွင်း၌ ဇန်နဝါရီ ၁ရက် ညနေ ၄နာရီက ဆန်ကောရွက်ပြိုင်ပွဲ (အောက်ပုံ)၊ အပ်ထိုးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ခုံလုပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲများ ကျင်းပသည်။

ယှဉ်ပြိုင်

လွန်ဆွဲပြိုင်ပွဲကို ငါးထပ်ကြီးတောင်ရပ်ကွက်နှင့် ဆရာစံမြောက်အနောက်ရပ်ကွက်တို့ ယှဉ်ပြိုင်ကစားကြပြီး ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က အားကစားသမားများကို ဆုများချီးမြှင့်သည်။

မြောက်ဥက္ကလာပ အထက(၁)တွင် ဟောပြောပွဲကျင်းပ

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲကို ဒီဇင်ဘာ ၂၃ရက်က အဆိုပါကျောင်း မြတ်ခရေခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးစိန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးညွန့်က "လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် မိမိဘဝကို မြှင့်တင်ရေး" ခေါင်းစဉ်ဖြင့် ဟောပြောကာ **(အပေါ်ပုံ)** ကျောင်းအုပ်ဆရာကြီး ဦးသန်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်နှင့် ဆရာ ဆရာမများ၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ ၃၆၅ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

ဂန့်ဂေါအထက၌ စာစီစာကုံးပြိုင်ပွဲကျင်းပ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို ဒီဇင်ဘာ၂၄ရက်က ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ (မြန်မာ့အလင်း)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကာဒီမီယာအရပ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားကို ဒီဇင်ဘာ ၃၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ ဂါဇာနှင့် အစ္စရေးတို့အကြား အပစ်အခတ်ရပ်စဲရန် တောင်းဆို

ဂျီနီဗာ ဇန်နဝါရီ ၁

ဂါဇာနှင့် အစ္စရေးတောင်ပိုင်းတွင် ပစ်ခတ်တိုက်ခိုက်နေကြမှုကို ချက်ချင်းရပ်စဲရန် ဒီဇင်ဘာ ၃၀ရက်က အမေရိကန်နိုင်ငံပါဝင်သော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အကျိုးဆောင်လေးနိုင်ငံအဖွဲ့မှ ထိပ်တန်းအရာရှိများက တောင်းဆိုပန်ကြားခဲ့ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဒီဇင်ဘာ ၃၁ရက်၌ သတင်းထုတ်ပြန်သည်။

ပြုလုပ်ခဲ့

အစ္စရေးနိုင်ငံကို ပါလက်စတိုင်းတို့က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကို ချေမှုန်းသုတ်သင်ရန် ရည်ရွယ်ကာ ဂါဇာကမ်းမြောင်ဒေသအပေါ် အစ္စရေးတို့က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ပြီး လေးရက်အကြာတွင် အမေရိကန်၊ ရုရှားနှင့် အီးယူနိုင်ငံများပါဝင်သော အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့က ယင်းကဲ့သို့ တောင်းဆိုမှု ပြုခဲ့ခြင်း ဖြစ်သည်။

ဆွေးနွေး

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်၊ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒပိုင်းဆိုင်ရာ အကြီးအကဲ ဂျာဗီယာဆိုလာနာတို့ တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း ကုလသမဂ္ဂမှ အရာရှိများက ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်းဆို

ဥရောပသမဂ္ဂ၏အလှည့်ကျ ဥက္ကဋ္ဌအဖြစ် ဒီဇင်ဘာ ၃၁ရက်အထိ ပါဝင်ဆောင်ရွက်ခဲ့သူ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားနတ်ကော့ချ်နာသည်လည်း တောင်းဆိုသူများအနက် တစ်ဦးအပါအဝင်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

၂၀၀၈ ခုနှစ်အတွင်း အကြမ်းဖက်မှုကြောင့် အရပ်သားသေဆုံးမှု အီရတ်၌ သုံးပုံနှစ်ပုံလျော့ကျလာပြီဟု ထုတ်ပြန်

ဘဂ္ဂဒက် ဇန်နဝါရီ ၁

ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်အတွင်း အီရတ်နိုင်ငံ၌ အကြမ်းဖက်မှုများကြောင့် အရပ်သားသေဆုံးမှုမှာ သုံးပုံနှစ်ပုံလျော့ကျလာခဲ့သည်ဟု သုတေသနပြုသူများက ပြောကြားခဲ့ကြောင်း ဒီဇင်ဘာ ၃၁ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

အီရတ်အရာရှိများက ၂၀၀၈ ခုနှစ်အတွင်း သေဆုံးခဲ့သည့် အရပ်သား ၅၇၇၄ ဦးကို ၂၀၀၇ ခုနှစ်အတွင်းက သေဆုံးခဲ့သည့် အရပ်သားဦးရေ ၁၆၂၅၂ ဦးနှင့် နှိုင်းယှဉ်ပြောကြားခဲ့ခြင်း ဖြစ်သည်။

အီရတ်နိုင်ငံရှိ အစိုးရမဟုတ်သော ရေတွက်ရေးအဖွဲ့က အရပ်သားသေဆုံးမှုမှာ သုံးပုံတစ်ပုံ လျော့ကျသွားသည်ဟု ဆိုခဲ့သော်လည်း ၂၀၀၇ ခုနှစ်က ၂၀၀၈ ခုနှစ်ထက်ပိုသော သေဆုံးသူဦးရေကိုမူ ၈၃၁၅ဦးနှင့် ၉၀၂၈ ဦးကြားတွင်ရှိကြောင်း ပြောကြားခဲ့သည်။

ဖော်ပြ

အမေရိကန်စစ်ဘက်ဆိုင်ရာ သေဆုံးမှုမှာလည်း ၂၀၀၇ ခုနှစ်တွင် ဦးရေ ၉၀၀ ရှိရာမှ ၂၀၀၈ ခုနှစ်တွင် ၃၀၀ သို့ လျော့ကျသွားခဲ့ကြောင်း အင်ဒီပင်းဒင့်စ်ဝက်ဘ်ဆိုက်က ဖော်ပြသည်။

ဘဂ္ဂဒက်တွင် တိုးတက်လာမှုမှာ အကြီးမားဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဘဂ္ဂဒက်ရှိဘီဘီစီသတင်းထောက် ကာရီလိုင်းဝှပ်ထ်က ပြောကြားခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**

အစ္စရေးတောင်ပိုင်းသို့ ပါလက်စတိုင်းတို့က ဒုံးကျည်ဖြင့်ပစ်ခတ် အစ္စရေးပြည်သူ လေးဦးသေဆုံး အချို့ဒဏ်ရာရရှိ

ဂါဇာ ဇန်နဝါရီ ၁

အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဂါဇာကမ်းမြောင်ဒေသမှ ပါလက်စတိုင်း လက်နက်ကိုင်များက ဒီဇင်ဘာ ၃၁ ရက်တွင် တာဝေးပစ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက် အရာရှိများက ပြောကြားသည်။

ကျရောက်

ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသည့်နေရာမှာ အစ္စရေးတောင်ပိုင်း ဘီရာရှီဘာမြို့ မြောက်ပိုင်းဖြစ်ပြီး စာသင်ကျောင်းအနီးနှင့် လယ်ကွက်များအတွင်း ကျရောက်ခဲ့ကြောင်း ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသသို့ လေကြောင်းမှတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသဖြင့် ပါလက်စတိုင်း လက်နက်ကိုင်များကလည်း အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း ဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်

ပြီးခဲ့သည့် ဒီဇင်ဘာ ၂၇ ရက်မှ စတင်ကာ ပါလက်စတိုင်းလက်နက်ကိုင်များ၏ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒီဇင်ဘာ ၃၁ ရက်အထိ အစ္စရေးပြည်သူ လေးဦး သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ကာဇက်စတန်ရှိ အမေရိကန်သံရုံးသို့ မသင်္ကာဖွယ်အမှုန့်များ စာတိုက်မှ ပေးပို့ခဲ့

အယ်မာတီ ဇန်နဝါရီ ၁

ကာဇက်စတန်နိုင်ငံ အယ်မာတီမြို့တော်ရှိ အမေရိကန်သံရုံးသို့ အမျိုးအမည်မသိသည့် အမှုန့်များကို စာတိုက်မှတစ်ဆင့် ပေးပို့ကြောင်း ကာဇက်စတန်နိုင်ငံ အရေးပေါ်ဝန်ကြီးဌာနက ဒီဇင်ဘာ ၃၀ ရက်တွင် ကြေညာသည်။

ကြေညာ

ပဏာမ စမ်းသပ်စစ်ဆေးချက်များအရ အဆိုပါအမှုန့်များမှာ အန္တရာယ်မရှိကြောင်း တွေ့ရသည်ဟု အမေရိကန်သံရုံးက ကြေညာသည်။

၂၀၀၁ ခုနှစ် နောက်ပိုင်းကတည်းက မသင်္ကာဖွယ်ရာ စာများကို သတိထားခဲ့ကြသည်။ ကမ္ဘာတစ်ဝန်းရှိ အမေရိကန်သံရုံး ၆၀ ကျော်မှာ အဖြူမှုန့်များပါသည့် စာအိတ်များ ရခဲ့သည်။ သို့သော် အများစုမှာ အန္တရာယ်မရှိကြောင်း တွေ့ရသည်။ အမ်အင်န်အေ၊ရိုက်တာ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဆဝပ်တောင်ကြားဒေသ ဘာနာမြို့ရှိ စာသင်ကျောင်းတစ်ကျောင်းရှေ့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၃၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းမည်

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁

ကုလသမဂ္ဂ (ယူအင်န်)က အီရတ်ရှိ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ရုပ်သိမ်းရန် ဒီဇင်ဘာ ၃၁ ရက်ကို နောက်ဆုံးရက်အဖြစ် သတ်မှတ်ခဲ့သည့် အမိန့်၏ တစ်စိတ်တစ်ဒေသအဖြစ် အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းမည်ဖြစ်ကြောင်း အယ်လ်ဆာဗေဒိုအရာရှိများက ထုတ်ဖော်ပြောကြားခဲ့သည်။

အယ်လ်ဆာဗေဒိုနိုင်ငံသည် အီရတ်ရှိ ၎င်း၏ တပ်ဖွဲ့ဝင် ၂၀၀ကို ၂၀၀၉ခုနှစ် ဇန်နဝါရီလကုန် သို့မဟုတ် ဖေဖော်ဝါရီလ စောစောပိုင်းတွင် ဇာတိနိုင်ငံသို့ ပြန်ရန် စီစဉ်ထားသည်။ **(အင်တာနက်)**

နိုင်ငံတကာမှုခင်း — မေတ္တာတရားက စေ့ဆော်လေသောအခါ....

ဩစတြေးလျနိုင်ငံတောင်ပိုင်းရှိ ကိုလွန်ဂါမြို့လေးသည် တောတောင်ထူထပ်သော ဒေသတွင်တည်ရှိပြီး အေးချမ်းကာ သဘာဝရှုခင်းများဖြင့် သာယာလှသောမြို့လေး တစ်မြို့ဖြစ်သည်။ တောတောင်ထူထပ်သည့်ဒေသတွင် တည်ရှိသောကြောင့် အခြားဒေသများနှင့်ဆက်သွယ်သည့်အခါ တောင်ပေါ်လမ်းဖြင့်သာ အဓိကဆက်သွယ်ရသည်။

နေထိုင်ခဲ့ကြ

ထိုမြို့လေးတွင် အသက် ၃၆နှစ်အရွယ်ရှိ မက်သရူးနာလီနှင့် အသက် ၃၀အရွယ်ရှိ မွန်ကင်မ်မတ်ချ်နာလီတို့ ဇနီးမောင်နှံနှင့် အသက် ၁၁နှစ်အရွယ်ရှိ သားကြီး လက်ချ်လန်လိုချီနာလီ(ဝဲစွန်)နှင့် အသက်ရှစ်နှစ်အရွယ်ရှိ သားငယ် အဲလက်စ်နာလီတို့မိသားစုသည် အေးချမ်းသာယာစွာနေထိုင်ခဲ့ကြသည်။

ဝိုင်းဝန်းကူညီ

မက်သရူးနှင့် မွန်ကင်မ်တို့သည် သားယောကျ်ားလေးနှစ်ဦး မွေးဖွားခဲ့ရာတွင် သားနှစ်ဦးစလုံး လိမ္မာရေးခြားရှိကြသည်။ သားအကြီးလက်ချ်လန်လိုချီနာလီသည် အလယ်တန်းအောက်ဆင့်၌ ပညာသင်ကြားနေပြီး သားငယ် အဲလက်စ်မှာ မူလတန်းအောက်ဆင့်၌ ပညာသင်ကြားနေကြပြီဖြစ်သည်။

သားနှစ်ဦးစလုံး ပညာရေးတွင် အာရုံစူးစိုက်ကြိုးစားကြပြီး ထူးချွန်ထက်မြက်ကြသကဲ့သို့ ကျောင်းအားလပ်ချိန်တွင်လည်း မိဘများအားဝိုင်းဝန်းကူညီကြသည့် သားလိမ္မာများဖြစ်ကြသည်။

ကွာဝေး

ပြီးခဲ့သည့် ၂၀၀၇ခုနှစ်၏ ဆောင်းရာသီနေ့တစ်နေ့ဖြစ်သည့် ဇန်နဝါရီ ၂၁ရက်တွင် မက်သရူးသည် သားကြီးအား ၎င်း၏ကားဖြင့် ခေါ်ဆောင်ပြီး ခရီးထွက်ရာမှ ၎င်းတို့နေထိုင်ရာ ကိုလွန်ဂါမြို့လေးသို့ ပြန်လာခဲ့သည်။ ကိုလွန်ဂါမြို့သို့ ရောက်ခါနီးအချိန်သည် ဇန်နဝါရီ ၂၂ရက် နံနက် ၃နာရီခန့်ရှိနေပေပြီ။

ထိုအချိန်တွင် သူတို့သားအဖနှစ်ယောက် ရောက်ရှိနေသောနေရာသည် တောင်ပေါ်ကားလမ်းတစ်နေရာဖြစ်ပြီး သူတို့နှစ်ဦးနေထိုင်ရာ ကိုလွန်ဂါမြို့သို့ရောက်ရှိရန် နှစ်မိုင်ခန့် ကွာဝေးနေသေးသည်။

တွေ့ရှိခဲ့ရ

ထိုစဉ် မက်သရူးမောင်းသောကား ဘရိတ်ပေါက်ကာ တောင်ပေါ်လမ်းဘေးမှ ၁၀ပေခန့် နက်သော လျှိုမြောင်ကျယ်ကြီးအတွင်းသို့ ထိုးကျသွားခဲ့သည်။ ထိုသို့ ကျသွားသောအချိန်ကြောင့် ကားရှေ့ခန်းတွင်လိုက်ပါသော လက်ချ်လန်မှာ မေ့မြောသွားခဲ့သည်။ သူသတိရချိန်တွင် သူ့၌ဒဏ်ရာ အနည်းငယ်သာရရှိပြီး ဖခင်ဖြစ်သူမှာ မီးစွဲလောင်ခံနေရပြီး သတိမေ့မြောနေသည်ကို တွေ့ရှိခဲ့ရသည်။

ပြေးလွှားခဲ့ရ

ထို့ကြောင့် ဖခင်အား ကားခေါင်းခန်းထဲမှ ခဲယဉ်းစွာ ဆွဲထုတ်ပြီး ရှေးဦးသူနာပြုစုနည်းဖြင့် ပါးစပ်ချင်းတေ့မှုတ်ကာ အသက်ရှုလာအောင်လုပ်ပြီး သူတို့မိသားစုနေထိုင်ရာ နှစ်မိုင်ခန့်ဝေးသော ကိုလွန်ဂါမြို့လေးသို့ အမှောင်ထဲတွင် အမြန်ဆုံး ပြေးလွှားလာခဲ့သည်။

ချီးကျူးမဆုံးရှိကြ

ကိုလွန်ဂါမြို့သို့ရောက်သောအခါ ကိုလွန်ဂါဟိုတယ်၏ တံခါးကိုခပ်ပြင်းပြင်းခေါက်သဖြင့် ပိုင်ရှင်နိုးလာပြီးနောက် သူနာတင်ယာဉ်ဖြင့် မိခင်မွန်ကင်မတ်ချ်အားဝင်ခေါ်ပြီး ဖခင်အားသွားရောက်တင်ဆောင်ကာ ဆေးရုံသို့အချိန်မီပို့ဆောင်နိုင်ခဲ့သည်။ ဖခင်အသက်အန္တရာယ်နှင့် ကြုံတွေ့နေရချိန်တွင် သက်စွန့်ဆံဖျားကြိုးပမ်းကာ ဖခင်၏အသက်ကို ကယ်တင်ခဲ့သော လက်ချ်လန်လိုချီနာလီကို ကိုလွန်ဂါတစ်မြို့လုံးက သူ့ရဲကောင်းလေးသဖွယ် ချီးကျူးမဆုံးရှိကြသည်။

ဂုဏ်ပြုဖွယ်

ယခုဖြစ်ရပ်တွင် ဖခင်ဖြစ်သူ မက်သရူးနာလီ အသက်ဘေးအန္တရာယ် ကျရောက်နေချိန်တွင် အသက် ၁၁နှစ်မျှသာရှိသေးသော ကလေးငယ်ဖြစ်သော်လည်း ဖခင်အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာတရား၏ စေ့ဆော်မှုက တုံ့ပြန်သောအခါ အမှောင်ထဲ၌ပင် မကြောက်နိုင်တော့ဘဲ နှစ်မိုင်ဝေးသည့်မြို့သို့ ပြန်ပြေးကာ အကူအညီတောင်းပြီး ဖခင်၏အသက်ကို ကယ်တင်ခဲ့သော လူငယ်လေး လက်ချ်လန်လိုချီနာလီ၏ ချီးကျူးဂုဏ်ပြုဖွယ်ရာဖြစ်ရပ်ကို ရေးဖွဲ့လိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အမှတ်(၃)ခရိုင်ချင်းဆက်လမ်း(ရွှေဘိုခရိုင်အပိုင်း) လမ်းပိုင်းအခြေအနေ ရှိမ်းမကားကျေးရွာတိုက်နယ်ဆေးရုံနှင့် မြစ်ရေတင်လုပ်ငန်း

တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဒီဇင်ဘာ ၂၆ရက်က စစ်ကိုင်း-ရွှေဘို အမှတ်(၃) ခရိုင်ချင်းဆက်လမ်း(စစ်ကိုင်းခရိုင်အပိုင်း) မိုင်တိုင်အမှတ်(၆/၄)ရှိ စစ်ကိုင်းမြို့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ စိုက်ကွင်းဇကေ ၉၀ကို ကြည့်ရှုစစ်ဆေးပြီး အမှတ်(၃) ခရိုင်ချင်းဆက်လမ်း (ရွှေဘိုခရိုင်အပိုင်း)ရှိ ဝက်လက်မြို့နယ်နှင့် ရွှေဘိုမြို့နယ်အတွင်းရှိ လမ်းပိုင်းအခြေအနေနှင့် လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည်ဝက်လက်မြို့နယ် တပ်ရွာကျေးရွာအနီးရှိ တပ်ရွာမြစ်ရေတင်စီမံကိန်းသို့ရောက်ရှိပြီး ရေသွယ်မြောင်းများသို့ရေပေးဝေမှုနှင့် တပ်ရွာမြစ်ရေတင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေးဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ဝက်လက်မြို့နယ် ရှိမ်းမကားစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှိ သင်ကြားသင်ယူမှု အထောက်အကူပြု ခန်းမများ၊ စာသင်ဆောင်များကိုလည်းကောင်း၊ ရှိမ်းမကားကျေးရွာ စည်ပင်သာယာဈေး၊ ၁၆ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို လည်းကောင်း၊ ရှိမ်းမကားကျေးရွာ မြစ်ရေတင် ရေဖြန့်ဝေရေးလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရေဖြန့်ဖြူးပေး

ရှိန်းမကားကျေးရွာရှိ မြစ်ရေတင် ရေဖြန့်ဝေရေးလုပ်ငန်းသည် အများသုံးရေကန်များသို့ ရေဖြန့်ဖြူးပေးဝေလျက်ရှိကြောင်းနှင့် အိမ်သွယ်ရေပေးဝေရေးစနစ်ကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးသည် ဒီဇင်ဘာ ၂၇ရက် နံနက်၅နာရီက ရွှေဘိုမြို့ ရန်ကြီးအောင် အားကစားကွင်း၌ ကျင်းပသော ၂၀၀၈ခုနှစ် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်ရာ အဆိုပါ လမ်းလျှောက်ပွဲသို့ ရွှေဘိုမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ် ၁၀ရပ်ကွက်မှ ပြည်သူများတက်ရောက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူများသည် ရန်ကြီးအောင်အားကစားကွင်းအတွင်းမှစတင်၍ စည်ပင်သာယာဈေးလမ်း၊ အောင်ဇေယျလမ်းမကြီးအတိုင်း လမ်းလျှောက်ကြပြီး ရန်ကြီးအောင်အားကစားကွင်းအတွင်း ပြန်လည်ဝင်ရောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းမှူးသည် (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီး တောင်ဘက် တပင်ရွှေထီးလမ်း (ကတ္တရာထပ်ပိုးလွှာခင်းခြင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ရွှေဘိုမြို့ အမှတ်(၈)ရပ်ကွက်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ရွှေဘိုဝါကြိတ်စက်ရုံဝင်းအတွင်း အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါအဝယ်ဒိုင်ကို ကြည့်ရှုစစ်ဆေးကာ ဝါကြိတ် စက်ရုံ၌ ခင်းကျင်းပြသထားသော ငွေချည်(၆)ဝါနှင့် ဝါစေ့နမူနာများကို ကြည့်ရှုစစ်ဆေးသည်။

မဟာနန္ဒာကန်

ထို့နောက် တိုင်းမှူးသည် ရွှေဘိုမြို့ မဟာနန္ဒာကန်သို့ရောက်ရှိပြီး မဟာနန္ဒာကန် ပတ်ဝန်းကျင်နှင့် သက္ကယ်တန်ချောင်း ရေပို လွှဲတို့ကို ကြည့်ရှုစစ်ဆေးကာ ရွှေဘိုမြို့နယ် အောင်ချမ်းသာကျေးရွာရှိ တောင်သူဦးဝင်းဘို၏ ပေါ်ဆန်းဘေးကြားမျိုး စံပြစိုက်ကွက် ဧကေ၅ စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့်ရိတ်သိမ်းနေမှုနှင့် ထိုအကွက်၌ ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး လက်တွန်းထွန်စက်များဖြင့် စုပေါင်းထွန်ယက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ဝက်လက်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ လမ်းဖြစ်၊မြောင်းဖြစ် တာပေါင်ချဲ့ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိကာ စက်ယန္တရားများ အသုံးပြုဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဝက်လက်မြို့နယ်သမရိုးကျေးရွာ တောင်သူ ဦးနေဝင်း၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဂျုံစိုက်ခင်းကိုလည်းကောင်း၊ မုံရွာခရိုင် အရာတော်မြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အရာတော်ဝါအဝယ်ဒိုင်၌ ဝါဝယ်ယူရရှိမှုအခြေအနေကိုလည်းကောင်း၊ စစ်ကိုင်းတိုင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ဇလုပ်စိုက်ပျိုးရေးသုတေသနခြံ အတွင်း စိုက်ပျိုးထားရှိသည့် ကုလားပဲနှင့်ဂျုံစမ်းသပ်စိုက်ကွက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခွဲစိတ်ခန်း ကြည့်ရှုစစ်ဆေး

တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး ဝက်လက်မြို့နယ် ရှိမ်းမကားကျေးရွာ တိုက်နယ်ဆေးရုံ ခွဲစိတ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စုလီမိတက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ အုပ်စုလီမိတက် (N.D.C.G) ၏ ဒသမအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉နာရီက ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်ရှိ N.D.C.G အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစီအစဉ်အရ အခမ်းအနားမှူးအဖြစ် (N.D.C.G)အထွေထွေမန်နေဂျာ ဦးကြည်မောင်က ဆောင်ရွက်ပြီး သဘာပတိအဖြစ် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု လီမိတက်(N.D.C.G) ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဆောင်ရွက်သည်။ ထို့နောက် သဘာပတိ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားပြီး(**အပေါ်ပုံ**) ဒါရိုက်တာများအဖွဲ့ အစီရင်ခံစာကို (N.D.C.G) အထွေထွေ အတွင်းရေးမှူး ဦးရဲစိုးက ဖတ်ကြား တင်ပြသည်။ ဆက်လက်၍ စာရင်းစစ် အစီရင်ခံစာကို ဦးဝင်းသင် စာရင်းစစ်အဖွဲ့မှ ဖတ်ကြား တင်ပြပြီး ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို အတည်ပြု ကြသည်။ ယင်းနောက် (N.D.C.G) ဒုတိယဥက္ကဋ္ဌ ဦးသန်းမြင့် (အေးရိပ်မွန်)က ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်ဖွဲ့စည်းခြင်း တင်ပြခြင်းနှင့် အတည်ပြုခြင်းများပြုလုပ်ပြီး အစုရှယ်ယာရှင်များ၏ မေးမြန်းချက်များကို သဘာပတိ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ရှင်းလင်းဖြေကြားသည်။

၎င်းနောက် သဘာပတိ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု လီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

ကာကွယ်ဆေးတိုက်နေ့ အသိပေး ဆွေးနွေး

ဗန်းမော် ဇန်နဝါရီ ၁

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉)အသိပေးဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၁၀နာရီခွဲက ဗန်းမော်မြို့ အထွေထွေရောဂါကုဆေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီး သိန်းထွန်းက အမှာစကားပြောကြားပြီး ဗန်းမော်မြို့ အထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမြင့်ကြည်က ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက ဆွေးနွေးမေးမြန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နတ်သြဇာရှက်ဖျန်းမြေသြဇာ ကုန်ပစ္စည်းသစ်မိတ်ဆက်

အရောင်းကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁

အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက် နတ်သြဇာ မြေသြဇာဖြန့်ဖြူးရေးလုပ်ငန်းက ကြီးမှူးကျင်းပသော ကုန်ပစ္စည်းသစ်ဈေးကွက်မိတ်ဆက်ခြင်းနှင့် ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက်က ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး(**အပေါ်ပုံ**) စိုက်ပျိုးရေးပညာရှင်များက ကုမ္ပဏီမှ ထုတ်လုပ်သော ရှက်ဖျန်းမြေသြဇာ ကုန်ပစ္စည်းသစ်ဆိုင်ရာ အချက်အလက်များနှင့် သဘာဝမြေသြဇာများ အကျိုးအာနိသင်ပိုမို ကောင်းမွန်ကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ နတ်သြဇာမြေသြဇာထုတ်လုပ်မှု ဗီဒီယိုမှတ်တမ်းပြသပြီး ကုမ္ပဏီ၏ အရောင်းမူဝါဒနှင့် သီးနှံများပြန်လည်ဝယ်ယူမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော အရောင်းကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ဖြေကြားသည်။

စုံစမ်းနိုင်

နတ်သြဇာ ရှက်ဖျန်းနှင့် သဘာဝမြေသြဇာများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ လီမိတက် အမှတ် ၂၂၄၊ ဦးဝိစာရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၄၅၆၇၊ ၀၉-၈၅-၅၃၄၉၈၊ ၀၁-၆၈၆၃၃၁၊ ဖက်စ်၊ ၀၁-၃၇၅၄၁၃၊ e-mail-nppc@myanmar.com.mm သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန် ဇန်နဝါရီ ၁

နာမည်ကြီး ကုန်အမှတ်တံဆိပ်များဖြစ်သည့် Scholl, Walker, Ferrize, Maldini, Kito, Adda, Lily, Patti, Ragazzo နှင့် Louise Dollar စသည့် နိုင်ငံခြားဖိနပ်အမျိုးမျိုးတို့ကို ဖြန့်ချိရောင်းချပေးလျက်ရှိသော ဝေဒီ ဖိနပ်စတိုးက နှစ်သစ်ကူးအကြို အထူးအစီအစဉ်အဖြစ် ဒီဇင်ဘာ ၁၅ရက်မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၅ရက်အတွင်း လာရောက်ဝယ်ယူသူတိုင်းကို မည်သည့်ဖိနပ်အမှတ်တံဆိပ်ကိုမဆို ဝယ်ယူပါက ၁၀ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

ဝေဒီဖိနပ်စတိုးမှ နှစ်သစ်ကူးအကြို အထူးအစီအစဉ်အဖြစ် ရောင်းချပေးလျက်ရှိ

ထို့အပြင် အထူးအစီအစဉ်ကာလအတွင်းတွင် ဖိနပ်နှစ်ရန်ဝယ်လျှင် တစ်ရန်လက်ဆောင်ရမည့် အမျိုးသမီးစီး ဖိနပ်ဒီဇိုင်းအမျိုးမျိုးကိုလည်း ရောင်းချပေးသည့် အစီအစဉ်နှင့် အခြားထူးထူးခြားခြား အစီအစဉ်များကိုလည်း စီစဉ်ပေးထားသည်။

ဝယ်ယူသူများအနေဖြင့် ယုဇနပလာဇာ၊ Junction 8၊ ဒဂုံစင်တာ၊ လပြည့်ဝန်းပလာဇာ၊ Junction Zawana၊ Capital Hypermarket China Town Point Center နှင့် ဂမုန်းပွင့်ကုန်တိုက် (ကမ္ဘာအေး)တို့၌ ဖွင့်လှစ်ထားသည့် ဝေဒီဖိနပ်ဆိုင်ခွဲများအားလုံးတွင် အထူးအစီအစဉ် ကာလအတွင်း ဝယ်ယူအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄)ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

အထက(၁)လမ်းမတော်(စိန့်ဂျွန်း) (၁၉၆၈-၁၉၈၄)ပညာသင်နှစ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

အထက(၁)လမ်းမတော်(စိန့်ဂျွန်း) (၁၉၆၈-၁၉၈၄)ပညာသင်နှစ် ကျောင်းသား ဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၂၅ရက်က အဆိုပါ ကျောင်း စွမ်းအားခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုက အမှာစကား ပြောကြားသည်။

ပူဇော်ကန်တော့

အခမ်းအနားတွင် ပူဇော်ပွဲကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသိမ်း၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းကိုနှင့် ဦးသန့်ဇင်ဦးတို့က ကျောင်းရေသန့်စက်အတွက် ငွေကျပ်သုံးသိန်းကို ကျောင်းအုပ် ဆရာကြီးထံ ပေးအပ်လှူဒါန်းပြီး**(အပေါ်ပုံ)** ဦးသင်မြင့်သန်းက ကန်တော့ချိုးတိုင်ပေးကာ ကျောင်းသားဟောင်းများက အပူဇော်ခံဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြ သည်။

ဆက်လက်၍ ဆရာ ဆရာမကြီး ၁၁၄ ဦးအား ကန်တော့ငွေနှင့် လက်ဆောင် ပစ္စည်းပေးအပ်ကြပြီး ဆရာကြီးဦးလှမိုး၊ ဆရာမကြီး ဒေါ်ခင်မြင့်မြင့်ဆွေနှင့် ဒေါ်ခင်တင် တို့က ဩဝါဒစကားပြောကြားကာ အတွင်းရေးမှူး ဦးညိုထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြန်မာ့အလင်း)**

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ အငွှမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ၏ အငွှမအကြိမ် မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။

၁၉၉၇ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ သည် သက်ဆိုင်ရာဌာနများနှင့် ကိုခင်မောင်ဌေး(ဓာတ်သဘင်) ဖုန်း ၀၉-၅၁-၉၁၁၃၈၊ ကိုသန့်ဇော်မင်းလတ်ကြူ (ပန်းပု) ဖုန်း-၀၁-၅၅၉၉၈၉၊ ကိုမောင်မောင်ဇော် ထက်(ဂီတ) ဖုန်း-၀၉-၅၁-၆၆၂၈၃၊ ကိုအောင်စိုးတင့်(ဂီတ) ဖုန်း-၀၉-၉၉-၂၅၆၅၇၊ ကိုရဲအောင်သန့်(ပန်းချီ) ဖုန်း-၀၉-၅၀-၁၉၉၈၄၊ ကိုဧယျာထက်၊ ကိုဟန်မင်းအောင် (ဂီတ) ဖုန်း-၀၁-၅၂၇၁၂၂(လိုင်းခွဲ-၁၂၅)၊ ကိုငြိမ်းချမ်းဦး(ဂီတ) ဖုန်း-၀၉-၅၀၆၇၀၉၀၊ ကိုစန်းနိုင်ဖြိုးဝေ (ဂီတ) ဖုန်း-၀၁-၅၀၅၇၁၁၊ ကိုရှုမောင် (ပန်းချီ) ဖုန်း-၀၉-၅၁၅၆၂၆၂၊ မနီလာလွင်(ဓာတ်သဘင်) ဖုန်း-၀၉-၅၁၈၇၈၀၉ နှင့် မနှင်းနှင်းဌေးရီ(ဂီတ) ဖုန်း-၀၁-၇၂၄၈၅၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားနိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ကံသုံးပါးဆင်ခြင်ဖွယ် ဇာတ်ဝတ္ထုများစာအုပ် ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၁

ကာယကံ၊ ဝစီကံ၊ မနောကံ နေ့စဉ် အလုပ်သုံးပါးအကျိုးအပြစ်တို့ကို ဖော်ညွှန်း သည့် **(ဝဲပုံ)** လက်ဝဲတော်ရံ အရှင်မဟာ မောဂ္ဂလန်၊ ဗကဗြဟ္မာ၊ ရွှဲကုန်သည်၊ အမ္ဗပါလီ စသည် စသည်တို့အကြောင်း ဇာတကဝတ္ထု ၂၁ပုဒ်ကို မောင်ဆန္ဒ (လယ်ဝေး)၏ ရိုးရှင်းသည့် မြန်မာစာ အရေးအသားဖြင့် ဆင်ခြင်ဖွယ်၊ ရှောင် ကြဉ်ဖွယ်၊ အတုယူဖွယ်၊ အားကျဖွယ်၊ ကြည်ညိုဖွယ် ရေးဖွဲ့ထားသည်။

ယင်းစာအုပ်ကို မြတ်ပန်းရဂုံစာပေ အမှတ် ၁၉၄၊ ၂၉လမ်း ပန်းဘဲတန်းမြို့ နယ် ဖုန်း-၀၉-၅၁-၃၉၄၅၀ကဖြန့်ချိပြီး တစ်အုပ်လက်လီဈေး ကျပ် ၃၀၀ဖြစ်ကာ လေးအုပ်နှင့်အထက် အထူးနှုန်းဖြင့် ဓမ္မ ဒါနပြု လက်ဆောင်ပေးလိုသူများ ဖုန်း- ၀၁-၃၉၂၃၀၅ သို့ တိုက်ရိုက်ဆက်သွယ် ဝယ်ယူနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် နက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်

ဒေးဒရဲမြို့နယ် ကဝက်ကျေးရွာ၌ လမ်း၊ တံတား၊ အဆောက်အအုံများပန္နက်တင်

ရန်ကုန် ဇန်နဝါရီ ၁

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကဝက်(ရေကန်ချောင်)ကျေးရွာသို့ ရန်ကုန်မြို့(MBE) မြန်မာလူငယ် စီးပွားရေးလုပ်ငန်းရှင် အဖွဲ့ ဦးမြင့်မောင်ထွန်းနှင့်အဖွဲ့များက မြစ်ဆိပ်ခံတံတားနှင့်ကျေးရွာအထိလမ်းသစ်အမြင့် ၁၄ပေ၊ အရှည်ပေ၂၀၀လမ်းသစ်နှင့် အတူ ကျေးရွာဆေးပေးခန်း၊ ဆေးများ၊ ဆရာဝန်များနှင့်အတူ ကျေးလက်မှ မကျန်းမာသူများအား ဆေးကုသပေး၍ ပေ၃၀ × ပေ၇၀ RC နှစ်ထပ်၊ ပေ၃၀×ပေ၉၀ အခြေခံပညာမူလတန်းကျောင်းဆောင်နှင့် အလယ်တန်းကျောင်းဆောင်၊ RC တစ်ထပ် ၃၄ပေ × ၄၂ပေ ကျေးလက်ဆေးခန်း၊ လမ်းသစ်နှင့်အတူ မြစ်ဆိပ်လမ်းခင်းသည်အထိ မြန်မာလူငယ်စီးပွားရေးလုပ်ငန်းရှင်အဖွဲ့က ငွေကျပ် သိန်းပေါင်းသုံးထောင်အထိ အကုန်အကျခံ၍ လုပ်ငန်းစတင်သည့် အခမ်းအနားကို လွန်ခဲ့သည့်နှစ် ဒီဇင်ဘာ ၂၈ရက် နံနက် ၁၁နာရီခွဲက ကျင်းပခဲ့သည်။

ပန္နက်တင်

ကဝက်ကျေးရွာနေ ရပ်မိရပ်ဖများနှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့်အတူ မြန်မာလူငယ် စီးပွားရေး လုပ်ငန်းရှင်အဖွဲ့ ဦးမြင့်မောင်ထွန်း၊ ဒေးဒရဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်၊ ကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဇော်ဇော်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်၍ ကျောင်းဆောင်သစ်ကို အုတ်မြစ်စီပေးကြသည်။ **(အပေါ်ပုံ)**

ကဝက် ရေကန်ချောင်ကျေးရွာအုပ်စုတွင် ရေကန်ချောင်၊ အငူချောင်၊ မြလေးရုံ၊ သမဲ့ချောင်း၊ လတ္တာချောင်၊ ကံကုန်း၊ ကုန်းကြီးကျေးရွာများဖြင့် ဖွဲ့စည်းထားပြီး အိမ်ထောင်စု၆၀၀ခန့်ဖြင့် ဖွဲ့စည်းထားသည်။

ကွမ်းခြံကုန်းတစ်ဖက်က ရန်ကုန်တိုင်း ကဝက်ရေကန်ချောင်ကျေးရွာမှ ဧရာဝတီတိုင်း ကဝက်ရွာထဲရှိ ကျေးလက်နေသူ များ နာမကျန်းမှု၊ ကျန်းမာရေးဆေးကုသမှုကို ဒေါက်တာသိင်္ဂီဝင်းနှင့် ခက်ခက်တို့က ဆေးဝါးကုသမှုများ အထူးဆောင်ရွက် ကြသည်။

ထောက်ပံ့

အိမ်ထောင်စု၆၀၀ကိုလည်း ဆီတစ်ပိဿာ၊ ပဲတစ်ပိဿာ၊ ဆန်တစ်အိတ်ကို ကဝက်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဦးတိုးမြင့်က စာအုပ်များနှင့်အတူ ထောက်ပံ့ပေးဝေနေသည်ကို တွေ့မြင်ခဲ့ရ၏။ တောင်သူလယ်သမားများနှင့် ငါးဖမ်းသူများအတွက်ပါမကျန်စေရန် စီးပွားရေးစီမံမှုများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

တံတားဖွင့်ပွဲတွင် တိုင်းမှူး ဗိုလ်ချုပ် ကျော်ဆွေက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီလက်ထက်တွင် ဧရာဝတီတိုင်း အတွင်း မော်တော်ကားလမ်း အများအပြား ဖောက်လုပ်ပြီး မြစ်ကူးတံတားကြီးများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့ သည့်အတွက် ပြည်သူများအနေဖြင့် အချိန်တို အတွင်းတွင် နေရာဒေသ အသီးသီးကို လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ် ကြောင်း။

ဝမ်းမြောက်ဂုဏ်ယူ

ယခုလည်း သုံးခွချောင်း တံတား (ကျုံတိုင်းကြီး)ကို (၆၁)နှစ်မြောက် လွတ် လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသည့် အထိမ်း အမှတ်အဖြစ် ဖွင့်လှစ်ပေးနိုင်သည့် အပြင် ၂၀၀၉ ခုနှစ်၏ နှစ်သစ်အခါသမယနှင့် လည်း ကြုံကြိုက်နေသည့်အတွက် ဧရာဝတီ တိုင်းအနေဖြင့် ကျက်သရေမင်္ဂလာအပေါင်း နှင့် ပြည့်စုံသည့် နေ့တစ်နေ့ အဖြစ် ဝမ်းမြောက်ဂုဏ်ယူရမှာဖြစ်ကြောင်း။

ဤတံတားသည် နိုင်ငံတော်တစ်ဝန်း လုံး၌ တည်ဆောက်ပြီးဖြစ်သည့် ပေ၁၈၀ အထက် တံတားကြီးများတွင် ၂၁၇စင်း မြောက် တံတားဖြစ်ပြီး ဧရာဝတီတိုင်း တွင်၄၄စင်းမြောက် တည်ဆောက်ဖွင့်လှစ် နိုင်ခဲ့သည့် တံတားဖြစ်ကြောင်း။

ပိုမိုဖွံ့ဖြိုးတိုးတက်

ဤတံတားတည်ဆောက်ပြီးစီးခြင်း ကြောင့် မြောင်းမြမြို့နယ်နှင့် အိမ်မဲ မြို့နယ် တို့ရှိ ကျေးရွာပေါင်းများစွာမှ ပြည်သူများ၏ စီးပွားရေး၊ပညာရေး၊ကျန်းမာရေး၊ လူမှုရေး စသည်တို့ကို ပိုမိုအကျိုးပြုနိုင်တော့မှာဖြစ် ကြောင်း၊ ဒေသအတွင်း လမ်းပန်းဆက်သွယ် မှုများ ကောင်းမွန်လာသည့် အတွက် မြို့ရွာ နှင့် ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက် လာသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်လာ အောင် အဘက်ဘက်က စီမံပေးလျက်ရှိ သည့် နိုင်ငံတော်အစိုးရအပေါ် ဒေသခံ ပြည်သူများက ကျေးဇူးတင်တုံ့ပြန်သော အားဖြင့် မိမိတို့ လက်ရှိဆောင်ရွက်လျက်ရှိ သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကို ယခင်ကထက်ပိုပြီး အားသွန်ခွန်စိုက် လုံ့လဝီရိယဖြင့် ကြိုးစားဆောင်ရွက်ပေးကြ ရန် တိုက်တွန်းကြောင်းဖြင့်ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးရသည့်ရည်ရွယ် ချက်များနှင့် တံတားဆိုင်ရာ အချက် အလက်များကို ရှင်းလင်းပြောကြားသည်။

ထိန်းသိမ်းစောင့်ရှောက်

ယင်းနောက် ဒေသခံပြည်သူများ ကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတား ကြီး ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် တံတား ကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ပြည်သူများအနေဖြင့် ဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန် ရောက်သည် နှင့် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပုသိမ်တပ်နယ်မှ ဗိုလ်မှူးချုပ်ဇင်ယော်တို့က သုံးခွချောင်း တံတား(ကျုံတိုင်းကြီး)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင် များသည် မှတ်တမ်းဓာတ်ပုံ ရိုက်ကြပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေး နံ့သာများဖြင့် ပက်ဖျန်းပေးကာ တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

အမျိုးအစား

သုံးခွချောင်းတံတား (ကျုံတိုင်းကြီး) သည် သံကူကွန်ကရစ်တံတား အမျိုးအစား ဖြစ်သည်။ ယာဉ်သွားလမ်း အကျယ်၂၄ ပေရှိကာ တံတားအရှည်ပေ ၂၇၀ရှိသည်။ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန်၆၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့ စံပြရပ်ကွက်ပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ စံပြရပ်ကွက်သို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိစ္စရပ်များနှင့် လူနေအိမ်ရာများ ပြန်လည်တည်ဆောက်ပေးမည့် အစီအစဉ်ကို ရှင်းလင်းပြောကြားသည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါ စံပြရပ်ကွက်၌ ချိုကျိုဗုဒ္ဓဘာသာဖောင်ဒေးရှင်းက လူနေအိမ် ၅၂၄လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ ဆေးခန်း၊ စာကြည့်တိုက်နှင့် အုပ်ချုပ်မှုရုံးအဆောက်အအုံတို့ကို ၂၀၀၉ခုနှစ်အတွင်း အပြီးဆောက်လုပ်လှူဒါန်းသွားမည် ဖြစ်သည်။

တက်ရောက်အားပေး

ဝန်ကြီးသည် ဒီဇင်ဘာ ၃၁ရက် မွန်းလွဲပိုင်းတွင် မန်းကလိတ်ကျေးရွာအုပ်စု၌ ကျင်းပသော မန်းကလိတ်ကျေးရွာအုပ်စုနှင့် တောကျောင်းကျေးရွာအုပ်စုများရှိ အိမ်ထောင်စုပေါင်း ၁၂၁၈ စုမှ ပြည်သူများအတွက် အလှူရှင်များ၏ ဆန်၊ ဆီ၊ ပဲ စသည့် ထောက်ပံ့ရေး ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးပြီး **(အပေါ်ပုံ)** ကျေးရွာပြည်သူများအား ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇန်နဝါရီ ၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာချူကုန်းဖုန်အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာချူကုန်းဖုန်ကို ၁၉၅၂ခုနှစ် မတ် ၅ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟဆေးပြည်နယ်၌ မွေးဖွားခဲ့ပြီး ၁၉၆၉ခုနှစ်မှ ၁၉၇၃ခုနှစ်အထိ ဟန္ဒိုင်းနိုင်ငံခြားဘာသာတက္ကသိုလ်၌ ပညာသင်ကြားခဲ့ကာ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

၁၉၇၃ခုနှစ် အောက်တိုဘာလတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး အာရှရေးရာဦးစီးဌာန(၁)၌ အရာရှိအဖြစ် စတင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၃ခုနှစ်မှ ၁၉၇၅ခုနှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းတက္ကသိုလ်၌ တရုတ်ဘာသာရပ်ကို သင်ယူခဲ့ပြီး ၁၉၇၅ခုနှစ်မှ ၁၉၇၇ခုနှစ်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဦးစီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့သည်။

ယင်းနောက် ၁၉၇၇ခုနှစ်မှ ၁၉၈၁ခုနှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံး၌လည်းကောင်း၊ ၁၉၈၁ခုနှစ်မှ ၁၉၈၇ခုနှစ်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တရုတ်နိုင်ငံဆိုင်ရာ ဦးစီးဌာန၌ လည်းကောင်း၊ ၁၉၈၇ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံး၌ ဒုတိယအတွင်းဝန်အဖြစ် လည်းကောင်း၊ ၁၉၉၀ပြည့်နှစ်မှ ၁၉၉၅ခုနှစ်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ် မြောက်နှင့် အရှေ့အာရှ သုတေသနရေးရာ ဦးစီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် ၁၉၉၅ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ နယူးဇီလန်နိုင်ငံ ဗစ်တိုးရီးယားတက္ကသိုလ်၌ အင်္ဂလိပ်ဘာသာစကားသင်တန်းကို တက်ရောက်ခဲ့ပြီး ၁၉၉၆ခုနှစ်မှ ၁၉၉၉ခုနှစ်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်၌ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၁၉၉၉ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ တရုတ်တိုင်ပေရှိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စီးပွားရေးနှင့် ယဉ်ကျေးမှုရုံး၏ အကြီးအကဲအဖြစ် လည်းကောင်း၊ ၂၀၀၃ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန(၁)၌ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၀၇ခုနှစ်မှ ယနေ့အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန မြောက်နှင့် အရှေ့အာရှရေးရာဦးစီးဌာန၌ ညွှန်ကြားရေးမှူးချုပ်အဆင့်ဖြင့် လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာချူကုန်းဖုန်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး နှစ်ဦးရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ်
ပြာသိုလဆန်း ၇ရက် (အဖိတ်နေ့)
၂-၁-၂၀၀၉ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၈:၀၅ ၆။ **"လူကူးမျဉ်းကျားမှ ကူးမယ်" (A)**
၈:၁၅ ၇။ အကပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ ကြေးမုံရိပ်သွင်တေးနုယဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၀ ၃။ မြန်မာစာ၊ မြန်မာစကား
၄:၃၅ ၄။ အဆိုပြိုင်ပွဲ
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၅:၂၀ ၈။ **ကျေးရွာတင်ပါတယ် DOTS** လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ-စိုးကျော်ဆန်း)
၅:၃၅ ၉။ တေးဂီတအစီအစဉ်
၅:၄၅ ၁၀။ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကုန်သွယ်မုန်တိုင်း"** (အပိုင်း-၄၀)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု (နှစ်ဆယ့်လေးဒေသတစ်ခွင် အလှဆင်၊ ရောင်စုံပွင့်လန်း အလှပန်း) (အပိုင်း-၂)**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၆၀)

ရန်ကုန်မီဒီယာဂရု(ပ်) စတုတ္ထအကြိမ် နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်မီဒီယာဂရု(ပ်)၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Excel Treasure Hotel ရှိ Crystal Jade Hall ၌ ကျင်းပရာ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ တာဝန်ရှိသူများ၊ ရန်ကုန်မီဒီယာဂရု(ပ်)မှ အမှုဆောင်အရာရှိချုပ်နှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်မီဒီယာဂရု(ပ်)မှ အမှုဆောင်အရာရှိချုပ် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနမှ ညွှန်ကြားရေးမှူး ဦးတင့်ဆွေနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ရန်ကုန်မီဒီယာဂရု(ပ်)မှ အမှုဆောင်ဒါရိုက်တာ ဒေါ်မြတ်မြတ်စိုးက ဈေးကွက်နှင့် စီမံဌာနမှ ဝန်ထမ်းများအား လည်းကောင်း၊ အမှုဆောင်အရာရှိချုပ် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) **(အပေါ်ယာပုံ)က** ထုတ်လုပ်နှင့် သတင်းဌာနမှ ဝန်ထမ်းများအား လည်းကောင်း နှစ်ပတ်လည် ဆုကြေးငွေများ ပေးအပ်ကြသည်။

ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် ရက်ပျက်မရှိ ဝန်ထမ်းများအား လည်းကောင်း၊ စီမံရေးရာဌာန၊ ဈေးကွက်ဌာနနှင့် ထုတ်လုပ်ရေးဌာနတို့မှ အကောင်းဆုံးဝန်ထမ်း အထူးဆုရရှိသူများအား လည်းကောင်း၊ Flower News နှင့် Yangon Times တို့မှ အကောင်းဆုံး သတင်းထောက်ဆုရရှိကြသူများအား လည်းကောင်း တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဂျီတီအိုင် ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

ဂျီတီအိုင်ကျောင်းသားဟောင်းများ၏ (၇)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၁ရက် နံနက် ၁၀နာရီမှစ၍ ရန်ကုန်မြို့ တောင်ဥက္ကလာပဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများသည် ဦးတင်လှိုင် ဖုန်း-၅၃၀၀၁၆၊ ဦးခင်ဇေ (ရုံးအဖွဲ့မှူး) ဖုန်း-၅၁၉၈၆၃ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး ပါရမီ အင်ဂျင်နီယာကုမ္ပဏီမှ ပံ့ပိုးကူညီမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

မြို့ပြအင်ဂျင်နီယာ ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့တွင် အချိန်ပြည့်၊ အချိန်ပိုင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပဆရာ ဆရာမကြီးများအား မြို့ပြအင်ဂျင်နီယာဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများက စုပေါင်း၍ တတိယအကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက်က မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် အခမ်းအနားမှူး ကျောင်းသူဟောင်း မမြစိမ်းအေးက အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းကျော်က အဖွင့်အမှာစကားပြောကြားကာ ပြန်ကြားရေးအဖွဲ့အတွင်းရေးမှူး ဦးကျော်ဆန်းက အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် မိတ်ဆက်ပေးသည်။ ဆက်လက်၍ ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးမောင်က ကန်တော့ချိုးတိုင်ပေးပြီး ပညာသင်နှစ်အလိုက် ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်းပေးအပ်၍ ပူဇော်ကန်တော့ကြသည်။ ထို့နောက် ညနေ ၅ နာရီတွင် မြရိပ်ညိုဟိုတယ်မြက်ခင်းပြင်၌ မိတ်ဆုံစားပွဲကျင်းပခဲ့သည်။ **(မြန်မာ့အလင်း)**

အကြိမ်(၂၄၀)မြောက် ငွေကျပ်၂၀၀တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက ကြီးမှူးကျင်းပသည့် ပထမအကြိမ် ငွေကျပ် ၂၀၀တန် ထီလက်မှတ်၏ အထူးဆုကြီး ငွေကျပ် သိန်း ၁၀၀၀နှင့် ငွေကျပ် သိန်း ၅၀၀၊ ငွေကျပ် သိန်း ၃၀၀၊ ငွေကျပ် သိန်း၂၀၀၊ ငွေကျပ် သိန်း၁၀၀ စသည့် သိန်းဆုများပါဝင်သော အကြိမ်(၂၄၀)မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း အမှတ် ၃၈၄ ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ အောင်ဘာလေထီဖွင့်ပွဲခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်နှင့် ညွှန်ကြားရေးမှူးများ၊ ထီဆိုင်ပိုင်ရှင် ကိုယ်စားလှယ်များနှင့် ထီဝါသနာရှင် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အောင်ဘာလေသိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူး ဦးတင်လှိုင်ရွှေက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲကျင်းပရေး တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ဂေါ်လီလုံးများ ပြည့်၊ မပြည့် ကြည့်ရှုစစ်ဆေးပြီး အက္ခရာစည်၊ ဂဏန်းစည်နှင့် ဆုမဲစည်များအတွင်း ထည့်သွင်းပေးကာ မူလတန်းကျောင်းသား ကျောင်းသူလေးများက အထူးဆုကြီး ကျပ်သိန်း ၁၀၀၀ အပါအဝင် ဆုမဲများကို ဖွင့်လှစ်ပေးကြသည်။ **(သတင်းစဉ်)**

မိုး အစဉ်သတိပြု

အစဉ်စောင့်ရှောက်ပေး လွတ်လပ်ရေး

* ရွှေထီးရွှေနန်း ရွှေကြငှန်းနှင့်
စုံပြွမ်းသာယာ ပြည်မြန်မာတွင်
နှစ်ကြာထောင်ချီ နေခဲ့သည်ကို
ဗလာချီနယ်ချဲ့ ယုတ်မာခဲ့ကာ
ရိုင်းခဲ့သုံးလီ ပိုင်းမျိုသည်မို့
တိုင်းပြည်လွတ်လပ်ရေး ဆုံးခဲ့သည်။

* လွတ်လပ်ရေးကို ပိုက်ထွေးကြည်ဖြူ
ပြန်ရယူဖို့ နှစ်မှုရှည်လျောက်
ခြောက်ဆယ့်သုံးကြာ များစွာသွေးချွေး
အသက်ပေးကာ စတေးပါမှ
မုချဆတ်ဆတ် ရတုံအပ်သည်
ကြီးမြတ်တန်ဖိုးရှိလှသည်။

* တန်ဖိုးကြီးပေး လွတ်လပ်ရေးကို
အလေးတစ်မူ အရေးယူလျက်
ပြည်သူပေါင်းရုံး စည်းလုံးညီညွတ်
မပြတ်မြဲမြဲ စောင့်ရှောက်မှန်မှ
ဖောက်ပြန်ယွင်းလွဲ စေဦးလဲရန်က
လုံးဝဇကန်လွတ်ချိမ့်မည်။ ။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဒေါက်တာသန်းဦး

(၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု

နိုင်ငံတော်အမှတ်စဉ်	တံတားအမည်	တည်နေရာဒေသ	အရှည်ပေ	ဖွင့်လှစ်သည့်နေ့
၂၃၀	မဲဇလီတံတား	မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်	၉၄၀	၂-၁-၂၀၀၈
၂၃၁	ဥရုတံတား	စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်	၁၀၉၀	၉-၂-၂၀၀၈
၂၃၂	ကျောက်တန်းတံတား	ရခိုင်ပြည်နယ်၊ စစ်တွေမြို့	၄၅၂·၅	၂၃-၃-၂၀၀၈
၂၃၃	ဧရာဝတီတံတား (ရတနာပုံ)	မန္တလေးတိုင်း၊ အမရပူရမြို့နယ်	၅၆၁၄	၁၁-၄-၂၀၀၈
၂၃၄	ဘွက်ကြီးတံတား	မကွေးတိုင်း၊ အောင်လံမြို့	၁၇၇၀	၂-၅-၂၀၀၈
၂၃၅	စစ်တောင်းတံတား (မုပ္ပလင်)	မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်	၂၃၉၂·၇	၁၂-၇-၂၀၀၈
၂၃၆	မြောင်းချောင်းတံတား (ကလေး-ဂန့်ဂေါ)	စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်	၁၈၆	၂၆-၈-၂၀၀၈

ပြည်ထောင်စု တစ်ဝန်း ထက်/အောက် စုန် ဆန် ကူးသန်းသွားလာရေးအတွက် အထောက်အကူပြုလျက်ရှိသည့် ဧရာဝတီ တံတား (ရတနာပုံ)။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး(တံတား)ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

နိုင်ငံအနှံ့ တံတားကြီးငယ် အသွယ်သွယ် တည်ဆောက် ဖွင့်လှစ်ပေးခဲ့၍ တိုင်းရင်းသား ပြည်သူတို့၏ ကူးသန်းရောင်းဝယ်ဖောက်ကားမှုနှင့် သွားလာမှု ကိစ္စအဝဝ လွယ်ကူချောမွေ့လျက် ရှိနေပေပြီ။

စစ်ကိုင်းတိုင်း ကလေးမြို့နယ် မြောင်းချောင်းတံတားကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် တိုင်းရင်းသား ပြည်သူများ သွားလာရေးလွယ်ကူချောမွေ့လျက်ရှိနေပေပြီ။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် နိုင်ငံအနှံ့ ကုန်စည်ပို့ဆောင်ရေးနှင့် သွားလာရေးလုံခြုံချောမွေ့လျက်ရှိသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေး၏ အရသာ .... လွတ်လပ်ရေး၏ အကျိုးကျေးဇူးအဖြာဖြာ

တက္ကသိုလ်မြတ်သူ

မည်သို့မျှ လက်လွှတ်ဆုံးရှုံးမခံနိုင်သော၊ အဖိုးမဖြတ်နိုင်သည့် အမျိုးသားပိုင် ရတနာမွန်ကိုပြပါဆိုလျှင် နိုင်ငံတော်၏ လွတ်လပ်ရေးတည်းဟူသော ရတနာကို ညွှန်ပြရမည် ဖြစ်ပါသည်။ "လုံးဝလွတ်လပ်ရေး"၏အဓိပ္ပာယ်မှာ အကြင်နိုင်ငံတော်နှင့် အကြင်နိုင်ငံတော်သူ၊ နိုင်ငံတော်သားတိုင်းသည် အချုပ်အခြာ အာဏာကို မိမိတို့ကိုယ်တိုင် ပိုင်ဆိုင်ခြင်း၊ ယင်းအချုပ်အခြာအာဏာရပ်ကြီးကို မိမိတို့ကိုယ်တိုင် စိတ်တိုင်းကျ ကိုင်တွယ်ကျင့်သုံးခွင့်ရခြင်း၊ နိုင်ငံပိုင်နက်မြေအားလုံး(ရေပိုင်နက်၊ လေထုပိုင်နက်အပါအဝင်)နှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သဘာဝသယံဇာတများ၊ စိုက်ပျိုး ထုတ်လုပ်သော သီးနှံများ၊ စက်ရုံအလုပ်ရုံထွက်ကုန်ပစ္စည်းများ အားလုံးကို ယင်းနိုင်ငံသားများကသာ ပိုင်ဆိုင်ခြင်း၊ မိမိတို့တစ်မျိုးသားလုံး ကောင်းကျိုးချမ်းသာ ဖြစ်စေနိုင်မည့်လမ်းကို မိမိတို့ကိုယ်တိုင် ရွေးချယ်အကောင်အထည်ဖော်နိုင်ခြင်း၊ တစ်ပါးတခြားသော နိုင်ငံများအား မှီခိုအားထားနေရမှုမျိုး လုံးဝကင်းခြင်းတို့ပင် ဖြစ်သည်။

အမှီအခိုကင်း၍ လွတ်လပ်သော၊ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်ခုသည် ကမ္ဘာ့အလယ်၌ နိုင်ငံတစ်ခု၏ ဥပဓိရုပ်(ဝါ)ဂုဏ်အင်္ဂါနှင့်ပြည့်ဝစွာ ရပ်တည်နိုင်သော နိုင်ငံတစ်ခုဖြစ်ပေသည်။ မိမိတို့နိုင်ငံတွင်း၌ မညီညွတ်ကြ၍၊ ပြည်ပမှကျူးကျော်၍၊ အမျိုးသားရေးသစ္စာဖောက်ဖျက်ကြ၍၊ လွတ်လပ်ရေးကို တလေးတစားမစောင့်ရှောက်နိုင်ကြ၍ နိုင်ငံလွတ်လပ်ရေး(ဝါ)အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးရတတ်ပေသည်။ **လွတ်လပ်ရေးသည် ဆုံးရှုံးရန် မြန်ဆန်လွယ်ကူသလောက် ပြန်လည်ရရှိရန် ကာလကြာရှည်တတ်သည်။ ခက်ခဲတတ်သည်။ အသက်ပေါင်းများစွာစတေးပြီး ကျားကုတ်ကျားခဲတိုက်ယူရတတ်သည်။ ထို့ကြောင့် လွတ်လပ်ရေးသည် လက်လွှတ်ဆုံးရှုံးမခံနိုင်သော နိုင်ငံတော်ရတနာဖြစ်သည်ဟု ဆိုရခြင်းဖြစ်သည်။**

ဤမြေ၊ ဤကမ္ဘာတွင် နိုင်ငံပေါင်း နှစ်ရာကျော်ရှိသည်။ ကမ္ဘာ့အနောက်ခြမ်းတွင် စက်မှုတော်လှန်ရေးဖြစ်ပွားပြီး စက်ရုံများမှိုလိုပေါက်လာသောအခါ ကမ္ဘာက လူသားတို့၏တိုးတက်မှုအဖြစ် ဝမ်းသာခဲ့ကြရသေးသည်။ လက်ဖြစ်ပစ္စည်းထက် စက်ဖြစ်ကုန်ပစ္စည်းက အရည်အသွေးရော၊ အရေအတွက်ပါ ကောင်းသောကြောင့် ဖြစ်သည်။ သို့သော် ထိုအနောက်ခြမ်းရှိ စက်ရုံပိုင်ရှင်ကြီးများက စက်ရုံများအတွက်လိုအပ်သည့်လောင်စာ၊ စက်မှုကုန်ကြမ်း စသည်တို့ကို ဝိသမလောဘရှေ့တန်းတင်ရှာဖွေရင်း နယ်ချဲ့တတ်သွားသည်။ ကမ္ဘာ့နိုင်ငံများကို ရာချီပြီး ကျူးကျော်သိမ်းပိုက် စိုးမိုးချုပ်ကိုင်ကာ ၎င်းတို့လိုအပ်သမျှ စိတ်တိုင်းကျ (တန်ရာတန်ဖိုးမပေးရဘဲ) ထုတ်ယူနိုင်သောကြောင့် နယ်ချဲ့ခြင်းအရသာကို လျှာလည်သွားခဲ့ကြသည်။ ခေတ်မီအစွမ်းထက် လက်နက်ချင်းယှဉ်လျှင် နယ်ချဲ့တို့ကသာ၏။ သို့သော် အမျိုးသားရေးအားမာန်၊ ရဲစွမ်းသတ္တိနှင့် မျိုးချစ်စိတ်ဓာတ်ချင်းယှဉ်လျှင် သိမ်းပိုက်ခံနိုင်ငံများမှ ပြည်သူများကသာ၏။ ဤသို့ဖြင့် သိမ်းပိုက်ခံနိုင်ငံများမှ ပြည်သူများသည် နယ်ချဲ့တို့ကို တွန်းလှန်ကာ လွတ်လပ်ရေးတိုက်ပွဲများ ဆင်နွှဲလာကြခြင်း ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးဟူသည် နောက်တိုး စက်မှုအရင်းရှင်သုံးနိုင်ငံ (ဂျာမနီ၊ အီတလီ၊ ဂျပန်)နှင့် မူလနယ်ချဲ့ (အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ်) နိုင်ငံများအကြား ကိုလိုနီ(ကျွန်နိုင်ငံမြေ)လုရင်း ဖြစ်ပွားသောစစ်ပွဲကြီးပင်ဖြစ်သည်။ နယ်ချဲ့အချင်းချင်း မီးကုန်ယမ်းကုန် တိုက်နေချိန်တွင် ကိုလိုနီ(ကျွန်ပြုခံ)နိုင်ငံများမှ မျိုးချစ်ပြည်သူများ၏ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ အမြင့်ဆုံးအဆင့် ရောက်ခဲ့ကြသည်။ ဤသို့ဖြင့် ကမ္ဘာစစ်ပွဲကြီးအပြီး နိုင်ငံတစ်ရာကျော် လွတ်လပ်ရေးရရှိလာခဲ့ကြသည်။ ထိုသို့ လွတ်လပ်ရေးပြန်ရအောင် အသက်သွေးချွေးရင်းပြီး တိုက်ခိုက်အောင်ပန်းဆွတ်ခူးနိုင်ခဲ့သည့် နိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်ခဲ့ပေသည်။

တိုင်းတစ်ပါးသား နယ်ချဲ့များ၏ ကုပ်သွေးစုပ်ခံရ၍ မြော့မြော့သာကျန်ရစ်ရသည့်အထဲ ကမ္ဘာစစ်ကြီးဒဏ်ကိုပါ မဆီမဆိုင် ခံခဲ့ကြရသော လွတ်လပ်စ နိုင်ငံများသည် မိမိတို့၏လွတ်လပ်ရေးတည်းဟူသော အခွင့်အလမ်းကြီးကိုသုံးပြီး နိုင်ငံ၏ရေမြေသယံဇာတများ၊ ထွက်ကုန်ပစ္စည်းများဖြင့် ပြန်လည်ထူထောင်ခဲ့ကြရသည်။ မြန်မာနိုင်ငံကား နယ်ချဲ့တို့နှင့်စစ်ပွဲသုံးကြိမ်ဖြစ်ပွားပြီး နိုင်ငံမြေကို တစ်ပိုင်းချင်း ဆုံးရှုံးခဲ့ရသည်။ ၁၈၂၄ခုနှစ်မှ ၁၈၈၅ ခုနှစ် (စစ်ပွဲသုံးကြိမ်)အတွင်း နိုင်ငံမြေတစ်ခုလုံး ဆုံးရှုံးခဲ့ရသည်။ မြန်မာတို့၏ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက် (လွတ်လပ်ရေးပြန်ရသည့်နေ့)အထိ မြန်မာတို့ဖိနှိပ်ချုပ်ချယ်ခံခဲ့ရသည့်အပြင် နိုင်ငံ၏ကြွယ်ဝလှသော ရေမြေသယံဇာတများ၊ စိုက်ပျိုးသီးနှံများ၊ လက်မှုစက်မှုထုတ်ကုန်များသည် အနောက်နယ်ချဲ့နိုင်ငံရှိ ဘဏ္ဍာတော်တိုက်အတွင်းသို့ စီးဝင်သွားခဲ့သည်။ မြန်မာတို့ ဘက်ပေါင်းစုံ၌ ဖိနှိပ်ချုပ်ချယ်ခံခဲ့ကြရ၏။ မြန်မာတို့ ဆင်းရဲတွင်း နက်ခဲ့ကြရသည်။

လွတ်လပ်သောနိုင်ငံတစ်ခုသည် နိုင်ငံ အရွယ်ပမာဏ၊ လူဦးရေ သေးငယ် နည်းပါးသည်ဖြစ်စေ၊ ကြီးမားများပြားသည်ဖြစ်စေ ကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်သော ကုလသမဂ္ဂတွင် တစ်နိုင်ငံလျှင် ဆန္ဒမဲတစ်မဲသာ ပေးခွင့်ရှိသည်။ ကုလသမဂ္ဂအဖွဲ့ဝင်တိုင်း လိုက်နာရသော ပဋိညာဉ်စာချုပ်ကြီး၌ နိုင်ငံတိုင်း တန်းတူခွင့်၊ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ကျန်နိုင်ငံများက လေးစားခံခွင့်၊ ကျူးကျော်စွက်ဖက်မှုများမှ ကင်းရှင်းခွင့်၊ နိုင်ငံတိုင်း ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် (The Right of Self Determination)တို့ကို တိတိကျကျ သတ်မှတ်ပေးထားသည်။

ကမ္ဘာ့နိုင်ငံအချို့၏ နိုင်ငံနယ်နိမိတ်အကျယ်အဝန်းဧရိယာ စတုရန်းကီလိုမီတာများကိုကြည့်လျှင် ရုရှားနိုင်ငံသည် အကျယ်ဝန်းဆုံးနိုင်ငံ ဖြစ်သည်။ ကမ္ဘာ့တစ်ပတ် နာရီဇုန်(၂၄)ဇုန်ရှိရာ၌ ရုရှားနိုင်ငံတွင် နာရီဇုန် (၁၁) ဇုန်ပါဝင်သည်။ အကျယ်အဝန်းဧရိယာမှာ စတုရန်းကီလိုမီတာ ၁၇၀၇၅၂၀၀ (၁၇သန်းကျော်) ရှိသည်။ လူဦးရေမှာမူ သန်း ၁၄၀ကျော်ရှိသည်။ ကနေဒါနိုင်ငံ၏ ဧရိယာမှာ စတုရန်းကီလိုမီတာ ၉၉သိန်းကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၉၅ သိန်းကျော်၊ အမေရိကန်ပြည်ထောင်စုက ၉၁သိန်းကျော်ရှိကြသည်။ အငယ်ဆုံး၊ အကျယ်အဝန်းပမာဏ အသေးဆုံးနိုင်ငံမှာ မိုနာကိုနိုင်ငံဖြစ်ပြီး ၂ စတုရန်းကီလိုမီတာသာရှိသည်။ နော်ရူးနိုင်ငံက ၂၁ စတုရန်းကီလိုမီတာ၊ တူဗာလူနိုင်ငံက ၂၆ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ နိုင်ငံများစွာမှာ အကျယ်အဝန်းစတုရန်းကီလိုမီတာ သန်းဂဏန်း၊ သိန်းဂဏန်းတွေရှိကြသည်။

လူဦးရေအများဆုံးနိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပြီး လူဦးရေ သန်း ၁၃၃၀ ကျော်(၁၃၃၀၀၄၄၆၀၅)ဖြစ်သည်။ အိန္ဒိယသမ္မတနိုင်ငံ လူဦးရေမှာ ၁၁၄၇သန်းကျော် (၁၁၄၇၉၉၅၉၀၄)ဖြစ်သည်။ တတိယလူဦးရေ အများဆုံး အမေရိကန်နိုင်ငံမှာ ၃၀၅သန်းကျော်(၃၀၅၈၄၈၀၉၀)ဖြစ်သည်။ အင်ဒိုနီးရှားက လူဦးရေ ၂၄၅ သန်းကျော် (၂၄၅၄၅၃၀၀၀)ဖြင့် စတုတ္ထ အများဆုံးဖြစ်သည်။ လူဦးရေအနည်းဆုံးနိုင်ငံမှာ တူဗာလူနိုင်ငံဖြစ်ပြီး လူဦးရေ (၁၂၁၇၇)သာရှိသည်။ အခြားလူဦးရေနည်းပါးသောနိုင်ငံများမှာ နော်ရူးနိုင်ငံဖြစ်၍ လူဦးရေ (၁၃၇၇၀) ရှိသည်။ ပါလောနိုင်ငံလူဦးရေမှာ (၂၀၆၀၀)၊ ဆန်မာရီနိုနိုင်ငံမှာ (၂၉၀၀၀)တို့ ဖြစ်ကြသည်။ နိုင်ငံအရွယ်ပမာဏ ကြီးကြီးသေးသေး၊ လူဦးရေ များများနည်းနည်း လွတ်လပ်သောနိုင်ငံတိုင်း တန်းတူကြသည်။ ကုလသမဂ္ဂတွင် တစ်နိုင်ငံ တစ်မဲ တန်းတူပေးကြရမည်။

လွတ်လပ်ခြင်း၏ အကျိုးကား မိမိတို့နိုင်ငံပိုင်နက်နယ်မြေ(Territory)ကို မိမိတို့ပိုင်ဆိုင်ပြီး မိမိတို့နိုင်ငံမှ ကြွယ်ဝသမျှသယံဇာတ၊ ခနဉစ္စာ၊ စပါးကောက်နှံ၊ ပတ္တမြားကျောက်သံ၊ သစ်တောနှင့်ရေနံ၊ လယ်ယာထွက်ကုန်၊ စက်မှုလက်မှုထုတ်ကုန်များကို မိမိတို့ ပိုင်ဆိုင်ရောင်းဝယ်ဖောက်ကားပြီး ချမ်းသာကြွယ်ဝခွင့်ရှိခြင်းပေတည်း။ ယနေ့အချိန်တွင် အကြောင်းပြချက်တစ်ခုခုဖြင့် နိုင်ငံတစ်ခုခုကို လက်နက်အင်အား၊စစ်အင်အားဖြင့်(ကုလသမဂ္ဂအဖွဲ့ကြီးက တရားဝင်စစ်ရေးအရ အရေးယူရန် အခွင့်အာဏာမပေးဘဲ) ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ခံနေရသော နိုင်ငံများ၏ အနိဋ္ဌာရုံများကို နေ့စဉ်၊ ညစဉ် နိုင်ငံတကာသတင်းမီဒီယာများ၌ တွေ့နေရသည်။ ဟိုဘက်သည်ဘက်တိုက်ခိုက်သူများသာမက၊ ဒေသခံပြည်သူအရပ်သားများ သောင်းချီ၊ သိန်းချီသေကျေပြီး သိန်းပေါင်းများစွာ ထိခိုက်ဒဏ်ရာရကြသည်။ ဖမ်းဆီးထောင်သွင်းအကျဉ်းချပြီး ညှဉ်းပန်းနှိပ်စက်ကြသမျှ ခံရပုံမှာလည်း စာဖွဲ့၍မကုန်ပေ။ အိုးအိမ်တိုက်တာ၊ လမ်းတံတား၊ စာသင်ကျောင်း၊ စက်ရုံ၊ ဆေးရုံ၊ ဈေး၊ စိုက်ခင်း၊ ရေနံတွင်းများ မွမွကြေပျက်စီးနေရပုံမှာလည်း မမြင်ရက်စရာပင် ဖြစ်သည်။ တစ်ဖက်တွင် နိုင်ငံပိုင် သယံဇာတများကို ထိုကျူးကျော်သိမ်းပိုက်သော နိုင်ငံမှ စီးပွားရေးလုပ်ငန်းကြီးများက လက်ဝါးကြီးအုပ် ထုတ်ယူနေကြသည်ကို ရှင်းရှင်းပြတ်ပြတ်၊ ကွင်းကွင်းကွက်ကွက် မြင်နေရပေသည်။ ဤသည်မှာ ထိုကျူးကျော်သိမ်းပိုက်ခံနိုင်ငံနှင့် နိုင်ငံသားများ ပိုင်ဆိုင်သည့် အချုပ်အခြာအာဏာ (လွတ်လပ်ရေး) လုံးဝ ဆုံးရှုံးသွားပြီဆိုသောအချက်ကို ပြသနေခြင်းပင် ဖြစ်သည်။

လွတ်လပ်ရေးသည် ဆုံးရှုံးရန် မြန်ဆန် လွယ်ကူသလောက် ပြန်လည် ရရှိရန် ကာလကြာရှည်တတ်သည်။ ခက်ခဲတတ်သည်။ အသက်ပေါင်းများစွာ စတေး ပြီး ကျားကုတ်ကျားခဲ တိုက်ယူရတတ်သည်။ ထို့ကြောင့် လွတ်လပ်ရေးသည် လက်လွှတ်ဆုံးရှုံးမခံနိုင်သော နိုင်ငံတော် ရတနာဖြစ်သည်ဟု ဆိုရခြင်းဖြစ်သည်။

လွတ်လပ်သည်၊ ထို့ကြောင့် လွတ်လပ်ငြိမ်းချမ်းသာယာစွာနေကြရသည်။ လွတ်လပ်သည်၊ ထို့ကြောင့် အမိမြေက နိုင်ငံသားများအတွက် ဖန်တီးပေးထားသည့် သယံဇာတများ၊ ထွက်ကုန်ပစ္စည်းများဖြင့် ရောင်းဝယ်ဖောက်ကားတိုးတက်ကြွယ်ဝနိုင်သည်။ လွတ်လပ်သည်၊ ထို့ကြောင့် မိမိတို့ ပြည်သူများအကြိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပုံစံများကို စိတ်တိုင်းကျ ချမှတ်ကျင့်သုံးနိုင်သည်။ တစ်နိုင်ငံတစ်မဲ တန်းတူမှုဖြင့် ကမ္ဘာ့မိသားစု အရေးကို မှန်ကန်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်ကြသည်။

မြန်မာနိုင်ငံသည် ပုံတောင်ပုံညာသမိုင်း၊ ကျောက်ခေတ်သမိုင်း၊ တကောင်းမှ ကုန်းဘောင်အထိ ကိုယ့်ထီးကိုယ့်ကြငှန်းနှင့်နေခဲ့၊ တိုးတက်ခဲ့သော သမိုင်း၊ လွတ်လပ်ရေးကို ဇာတိသွေး၊ ဇာတိမာန်ဖြင့် ပြောင်မြောက်စွာ ပြန်လည်ရယူခဲ့သော သမိုင်း၊ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခဲ့သော သမိုင်းကြောင်း ထွန်းပြောင်သော နိုင်ငံဖြစ်သည်။ ရေမြေသြဇာကောင်း၊ ဥတုကောင်း၊ သယံဇာတကောင်းများ ပြည့်ဝစုံလင် ဂုဏ်တင်နိုင်သော နိုင်ငံဖြစ်သည်။

ယနေ့ ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းလျက်ရှိပြီး ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်နေပြီ။ ဒီမိုကရေစီလမ်းကြောင်းကြီးကို ဖြောင့်ဖြူးစွာ ဖောက်လုပ်ထားနိုင်ပြီ။ ဤအပေါင်းလက္ခဏာများကို မြန်မာတို့ ရရှိခြင်းဖြင့် လွတ်လပ်ရေး၏ အရသာကို ခံစား စံစားနိုင်ကြပေပြီ။ ရှေ့သို့ညီညီ၊ အဟုန်ပြင်းစွာ ပန်းတိုင်အရောက် ချီတက်ကြဖို့သာရှိတော့သည်။ ။

စပါးသီးနှံအလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အစိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၄င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၄င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေ များခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပညာရေးဝန်ကြီးဌာန၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

ပညာရေးဝန်ကြီးဌာန၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ပြည်နယ်နှင့် တိုင်း ကိုယ်စားပြု ထူးချွန်ကျောင်းသား ကျောင်းသူ ၁၄ ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ပညာရေးဖွံ့ဖြိုးမှုပြခန်းကို ကြည့်ရှုကြပြီး အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲကို ဆက်လက်ကြည့်ရှုအားပေးကြရာ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကျောင်းသားကျောင်းသူများက 'စုံညီပွဲတော် တို့နွဲပျော်' တေးသီချင်းနှင့် 'အောင်စေပိုင်စေ' အဆိုအကများဖြင့် လည်းကောင်း၊ နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက 'မြန်မာ့ကျောင်း' သီချင်းဖြင့်လည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ အကြားအာရုံချို့ယွင်းသော ကျောင်းသူလေးများ၏ 'အ' အက္ခရာ အောင်စေယိမ်းအကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ နိုင်ငံတကာ ရွှေတံဆိပ်ဆုရ ကျောင်းသား ကျောင်းသူများ၏ ဂူရှူး ကျွမ်းကျင်မှု သရုပ်ပြတင်ဆက်မှုများကို ပြသပြီး ပထမပိုင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

Images of The World Photo Contest 2008
မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင်လေးဦး ဆုရရှိ

ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)၏ ဆုရဓာတ်ပုံ။

ရန်ကုန် ဇန်နဝါရီ ၁

သြစတြေးလျနိုင်ငံ Geographic မဂ္ဂဇင်းက ကြီးမှူးကျင်းပသော Images of The World Photo Contest 2008 ဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင်လေးဦး ဆုရရှိခဲ့ကြသည်။

ဆုရရှိ

နိုင်ငံတကာမှ ဓာတ်ပုံပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကဏ္ဍငါးခုပါဝင်ယှဉ်ပြိုင်ကြသည်။ Category Winner ကဏ္ဍအလိုက် အကောင်းဆုံးဆု ငါးဆုရွေးချယ်ခဲ့ရာ မြန်မာနိုင်ငံမှ သုံးဦး ရွေးချယ်ခံရပြီး ဆုများရရှိခဲ့သည်။ People & Culture ကဏ္ဍတွင် အောင်ပြည့်စိုး၊ Family Adventures & Fun ကဏ္ဍတွင် ကျော်သာ(ဟိုက်ချင်း)နှင့် Environment ကဏ္ဍတွင် ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)တို့ ဆုရရှိခဲ့ကြသည်။

ဆုအနေဖြင့် ကင်မရာနှင့် ဆက်စပ်ပစ္စည်းများ၊ သြစတြေးလျ Geographic မဂ္ဂဇင်းနှစ်နှစ်စာ စာအုပ်၊ စာတမ်းများ အခမဲ့ရရှိမည်ဖြစ်သည်။ 'Highly Commended' ဆုအား ကျော်ဝင်းလှိုင်က ရရှိသည်။

လေ့လာရေးခရီး

ဓာတ်ပုံပညာရှင် ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)သည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုပေါင်းများစွာ ရရှိခဲ့သူဖြစ်ပြီး ၂၀၀၈ ခုနှစ်အတွင်း U.S.A အမေရိကန်နိုင်ငံမှ ပြုလုပ်သော Better Photo Contest တွင် ဒုတိယဆု၊ L.A Salon တွင် နှစ်သိမ့်ဆု၊ (၆၉)ကြိမ်မြောက် Japan Salon တွင် Winner Prize၊ ဂျပန်နိုင်ငံမှ ဂျပန်ဖောင်ဒေးရှင်း ဖိတ်ကြားချက်အရ သုံးလကြာလေ့လာရေးခရီးစဉ်သွားရောက်ခဲ့ပြီး ငွေဆောင်ကမ်းခြေ ဟိုတယ်လုပ်ငန်းရှင်များအသင်းက ကျင်းပသည့် **'ငွေဆောင်ကမ်းခြေ အလှသဘာဝ'** ဓာတ်ပုံပြိုင်ပွဲတွင် နှစ်သိမ့်ဆုနှစ်ဆုရရှိခဲ့သူဖြစ်ကြောင်း သိရသည်။

လက်စွမ်းပြနိုင်

'ဓာတ်ပုံပညာဖြင့် မြန်မာကိုကမ္ဘာကသိစေအံ့' ဟူသော ဆောင်ပုဒ်ကို လက်တွေ့ဖော်ဆောင်နိုင်သော ဓာတ်ပုံပညာရှင်များ ဖြစ်ကြပြီး မျိုးဆက်သစ်ဓာတ်ပုံပညာရှင်များ လက်စွမ်းပြနိုင်ခဲ့သည်။ **(၁၆၃)**

လွတ်လပ်ရေးနေ့တွင် လော်ကားဥယျာဉ်ကို နံနက် ၈ နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်

ရန်ကုန် ဇန်နဝါရီ ၁

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက်၈နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားသော်လည်း ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် အတွက် နံနက်၈နာရီမှ ညနေ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုပွား
တိုင်းရင်းသား
စုပေါင်းကာကွယ်
မီးအန္တရာယ်

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် — သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးနှင့် လွိုင်လင်၌ အအေးပိုဆဲ၊ တနင်္သာရီတိုင်း၌ မိုးရွာဖွယ်ရာရှိ

ရန်ကုန် ဇန်နဝါရီ ၁

ဇန်နဝါရီ ၁ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ အောက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ် ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှ အပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၁) ဒီဂရီ စင်တီဂရိတ်၊ လွိုင်လင်မြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့၌ ၄ ဒီဂရီ စင်တီဂရိတ်တို့ဖြစ်သည်။

ဇန်နဝါရီ ၂ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတု အခြေအနေကို ဖော်ပြရပါလျှင် တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသ များ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၂ ရက် နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် တွင် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်၌မူ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

သာယာ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ် အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

Cyclone Shelter အဆောက်အအုံ တည်ဆောက်မှုဆိုင်ရာ အရည်အသွေးစစ်ဆေးရေး အထူးသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

မြို့ရွာများ ပြန်လည်ထူထောင်တည်ဆောက်ရေးအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ ပူးပေါင်း၍ Cyclone Shelter အဆောက်အအုံ တည်ဆောက်မှုဆိုင်ရာ အရည်အသွေးစစ်ဆေးရေး အထူးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ၂၉ရက် နံနက် ၈နာရီက ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းသို့ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၆၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေဟောပြောပွဲ အေလာမြို့တွင်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ၂၇ရက် ည၇နာရီခွဲတွင် နေပြည်တော်လယ်ဝေး အေလာမြို့လယ်ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်လယ်ဝေး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်က စာပေဟောပြောပွဲတွင် ဟောပြောကြမည့် စာရေးဆရာကြီးများနှင့် ပရိသတ်အား မိတ်ဆက်ပေးသည်။

ထို့နောက် စာရေးဆရာများဖြစ်ကြသော နေဝင်းမြင့်(အမျိုးသားစာပေဆုရ)က မင်္ဂလာရှိသောလူ၊ ညွန့်ဟံ(ကြူတော)က ကျေးလက်ရနံ့၊ အောင်စိုး(တိရစ္ဆာန် ဆေးကုဆရာဝန်) (စာပေဗိမာန်စာမူဆုရ)က သုတရသစာပေအကြောင်း ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၃)ကြည့်မြင်တိုင် (ယခင်ဟုကျုံးကျောင်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

အထက(၃)ကြည့်မြင်တိုင်(ယခင်ဟုကျုံးကျောင်း)၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ပူဇော်ပွဲ ဖိတ်ကြားနိုင်ရေးအတွက် လိပ်စာပြောင်းရွှေ့သွားသော ဆရာကြီး ဆရာမကြီးများအနေဖြင့်လည်းကောင်း၊ လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့်လည်း ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဦးမြင့်သန်း ဖုန်း-၀၉-၅၁-၀၁၀၉၂၊ ဦးအောင်ကျော်ဦး (အောင်သရဖူ) ဖုန်း-၀၉-၅၀-၁၄၂၆၄၊ ဦးချာလီမောင်(မင်္ဂလာဈေး) ဖုန်း-၀၉-၅၀-၁၅၃၁၃၊ ဦးစိုးဝင်း(ဆန်နီ)ဖုန်း-၀၉-၅၁-၃၂၀၃၆၊ ဦးခင်မောင်လှ ဖုန်း-၀၉-၈၀-၂၃၅၇၉၊ ဦးအောင်မြင့် ဖုန်း-၀၉-၅၁-၉၀၈၄၂၊ ဦးတင်စိန် ဖုန်း-၀၁-၅၂၅၃၁၃၊ ဆရာမဒေါ်ငွေးရီ (ကျောင်း) ဖုန်း-၀၁-၂၂၀၃၈၀နှင့် ဦးတင်ဝင်း ဖုန်း-၀၉-၅၀-၅၀၂၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အမရပူရခေတ်လက်ရာ ရှေးဟောင်းပစ္စည်းများအပ်နှံ

နေပြည်တော် ဇန်နဝါရီ ၁

မန္တလေးတိုင်း အမရပူရမြို့နယ် လိပ်ဆံခွန်ကျေးရွာအုပ်စု သပြေကုန်းကျေးရွာနေ ဦးသွင်သည် နိုဝင်ဘာ ၄ရက်က အိမ်ဝင်းအတွင်းကျင်းတူးရာမှ မြေအနက် ငါးပေကျော်၌ ရွှေအုန်းဆံကြိုး(ချိတ်)အပါ အလေးချိန် သုံးကျပ်သားလေးပဲ နှစ်ရွေးခွဲ တစ်ကုံး၊ ငါးပဲခြောက်ရွေးခွဲနှင့် ငါးပဲရွေးဝက်ပါ ရွှေနားကွင်းနှစ်ကွင်းတစ်ရန်၊ ရွှေအခြမ်းအစ လေးရွေးခွဲနှစ်ခု စုစုပေါင်း ရွှေအလေးချိန် သုံးကျပ်သား ၁၅ပဲ နှင့် ခြောက်ရွေးခွဲ၊ အချင်း ၅ဒသမ၅ လက်မနှင့် ၅ဒသမ၇လက်မရှိ ကြေးဖလားနှစ်လုံး၊ အချင်း ၄ဒသမ၁လက်မရှိ ကြေးဖလားပုံ နှစ်လုံးတို့ကိုတွေ့ရှိရသဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး မန္တလေးမှတစ်ဆင့် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနသို့ လာရောက်အပ်နှံခဲ့သည်။

စီစဉ်ဆောင်ရွက်

ယင်းပစ္စည်းများမှာ အမရပူရခေတ်လက်ရာ ရှေးဟောင်းရွှေထည်၊ ကြေးထည်ပစ္စည်းဖြစ်ပြီး ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနက ပစ္စည်းအပ်နှံသူဦးသွင်အား ပစ္စည်း၏ မူလတန်ဖိုးအပေါ်တွင် ခေတ်ကာလ ရှေးကျမှုနှင့် လက်ရာကောင်းမွန်မှု၊ ရှားပါးမှုတန်ဖိုးများ ထပ်ဆောင်းကာ ဆုချီးမြှင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကာကွယ်ထိန်းသိမ်း

ယခုကဲ့သို့ ရှေးဟောင်းပစ္စည်းများအား ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ရှေးဟောင်းဝတ္ထုပစ္စည်းဥပဒေများဖြင့် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းလျက်ရှိသည့်အပြင် အနယ်နယ်အရပ်ရပ်မှ နည်းအမျိုးမျိုးဖြင့်တွေ့ရှိ၍ နိုင်ငံတော်သို့အပ်နှံသော ရှေးဟောင်းပစ္စည်းများအား ဆုချီးမြှင့်ကာ သိမ်းဆည်းစုဆောင်းသော နည်းဖြင့်လည်း ကာကွယ်ထိန်းသိမ်းလျက်ရှိသည်။

ဆုများချီးမြှင့်

ယင်းသို့ ဆုချီးမြှင့်ရာတွင်လည်း ပစ္စည်း၏မူလတန်ဖိုးသာမက ခေတ်ကာလ ရှေးကျခြင်း၊ ပစ္စည်း၏လက်ရာကောင်းမွန်ခြင်း၊ ရှားပါးပစ္စည်းဖြစ်ခြင်း စသည့် ရှေးဟောင်းသုတေသနဆိုင်ရာ တန်ဖိုးများ ထည့်သွင်းပေါင်းစပ်၍ ဆုများချီးမြှင့်ပေးကာ ရှေးဟောင်းပစ္စည်းများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၁

တရားရုံးချုပ်(ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးသည် ဒီဇင်ဘာ ၃၀ရက် နံနက် ၈နာရီတွင် တရားရုံးချုပ်(ရန်ကုန်)မြေညီထပ်ရှိ အစည်းအဝေးခန်းမ(၂)၌ တရားရုံးချုပ်ရှိ တရားရေးအရာရှိများ၊ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် တရားသူကြီးများ၊ ဦးစီးအရာရှိများနှင့် ဒုတိယဦးစီးအရာရှိများအား တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တရားစီရင်ရေး

ယင်းတွေ့ဆုံမှာကြားပွဲတွင် ဒုတိယတရားသူကြီးချုပ်က ၂၀၀၈ခုနှစ်အတွင်း စစ်ဆေးစီရင်ခဲ့သော တရားစီရင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားပြီး ၂၀၀၉ ခုနှစ်အတွက် ရှေ့လုပ်ငန်းစဉ်များ၊ တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးများသည် တရားရေးအရာရှိများထားရှိရမည့် ကျင့်ဝတ်သိက္ခာနှင့်ဂုဏ်အင်္ဂါများကို စောင့်ထိန်းလိုက်နာကြပြီး လာဘ်ပေးလာဘ်ယူကင်းရှင်း၍ ပြည်သူများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး တရားရုံးချုပ်ရှိ တရားရေးအရာရှိများ၊ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် တရားသူကြီးများ၊ ဦးစီး အရာရှိများနှင့် ဒုတိယဦးစီးအရာရှိများအား ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

မုံရွာမြို့ အထက(၂) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်း မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားပို့ချခဲ့သည့် အသက် (၆၀) ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား(၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအာစရိယပူဇော်ပွဲသို့ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများတက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးဝင်းဖေ [အထက(၂)ကျောင်းအုပ်ကြီး၊မုံရွာမြို့] ဖုန်း-၀၇၁-၂၁၁၄၀၊ ဦးကျော်ငွေး(မင်းမဟော်ထီဆိုင်) ဖုန်း-၀၇၁-၂၁၆၅၅၊ ၀၉-၂၁-၃၂၅၆၆၊ ဦးနီ(သဇင်မိတ္တူ)ဖုန်း-၀၇၁-၂၂၇၆၁၊ ဦးညဏ်အောင် (ပရိဘောဂ၊သာစည်လမ်း) ဖုန်း-၀၉-၂၀-၃၃၂၄၀၊ ဒေါက်တာညဏ်လင်း(သွားဆရာဝန်) ဖုန်း-၀၇၁-၂၂၀၃၁၊ ဦးမြင့်ဝင်း (ငါးမန်းတိုက်) ဖုန်း-၀၇၁-၂၂၃၆ နှင့် ဦးနိုင်ဇော်မျိုး(ကျော်ညီနောင်) ဖုန်း-၀၇၁-၂၂၅၆၉၊ ၀၉-၂၁-၃၀၁၁၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်း နွားထိုးကြီးမြို့နယ် ဝတီးမြို့ဟောင်းတွင် ဝတီးမြို့ဟောင်းတူးဖော်မှု သုတေသနလုပ်ငန်းမှ ပျူခေတ်နှင့်ကြေးခေတ်ဆိုင်ရာ အထောက်အထားများ တွေ့ရှိ

နေပြည်တော် ဇန်နဝါရီ ၁

ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် သမိုင်းမစတင်မီခေတ်နှင့် သမိုင်းတင်ခေတ် ယဉ်ကျေးမှုများကို ဆက်စပ်ဖော်ထုတ်ရန် တူးဖော် သုတေသနပြုခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၀၈ခုနှစ်အတွင်း ပျူမြို့ဟောင်းများဖြစ်သည့် ပင်လယ်(မိုင်းမော)၊ ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းတို့၌ တူးဖော် သုတေသနပြုမှုများ ဆက်လက်ဆောင်ရွက်ခဲ့သည်။

ကြေးခေတ်

၂၀၀၈ခုနှစ် စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ဝတီးမြို့ဟောင်းတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးညွန့်အောင် ဦးဆောင်ပြီး ဝတီးမြို့ဟောင်းတူးဖော်မှု သုတေသနလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ တံခါးရွက်အတွက် အသုံးပြုဖွယ်ရှိသော သံဘရက်ကက်၊ အခြယ်အလှယ်ပါ အိုးခြမ်းကွဲများ၊ အခြယ်အလှယ်မပါ အိုးခြမ်းကွဲများ၊ သံမယ်နများ၊ လက်စင်းရာပါ ပျူအုတ်ချပ်များ၊ မြေဆီမီးခွက်များ၊ ကြမ်းခင်းအတွက် အသုံးပြုသည့် သဲကျောက်ပြားများ၊ မြေထည်ပစ္စည်းများ၊ မြေအရိုးအိုးနှင့် မီးသွေးစများကို တွေ့ရှိရပြီး မြေထည်များမှာ အိုးထိန်းစက်ကို အသုံးပြု၍ ပြုလုပ်သော အနီထည်အိုးများနှင့် ကြေးခေတ်တွင်အသုံးများသော ဆလင်ဒါပုံအိုးများဖြစ်ကြောင်း တွေ့ရှိရသည်။

တတ်မြောက်

ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ယခုတူးဖော်မှုတွင် တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများအရ ဝတီးမြို့ဟောင်းသည် ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်း၊ ပင်လယ်(မိုင်းမော) မြို့ဟောင်း သရေခေတ္တရာမြို့ဟောင်းတို့နှင့် နှိုင်းယှဉ် လေ့လာကြည့်ပါက ယင်းမြို့ဟောင်းများကဲ့သို့ ရှေးကျသော မြို့ဟောင်းတစ်ခုဖြစ်ပြီး ဗိဿနိုးမြို့ဟောင်း တည်ထောင်သည့် နှစ်ထက် နောက်မကျနိုင်ကြောင်း ခန့်မှန်းသိရှိရသည်။ ပျူခေတ်၏သင်္ကေတအမှတ်အသားဖြစ်သော လက်စင်းရာပါအုတ်ချပ်များ၌ အုတ်မဖုတ်မီ အုတ်ချပ်ခဲများအတွင်း စပါးခွံနှင့် ကောက်ရိုးများ ထည့်သွင်းအသုံးပြုသည့် အထောက်အထားများကို တွေ့ရသည်။ ဗုဒ္ဓဆင်းတုတော် ထုလုပ်ကိုးကွယ်မှု အထောက်အထား မတွေ့ရသော်လည်း ဘာသာရေးအတွက် အသုံးပြုဖွယ်ရှိသော အရွယ်စုံမြေဆီမီးခွက်များကိုတွေ့ရှိရသဖြင့် မြေအိုးပြုလုပ်သည့် အတတ်ပညာရှင်များသည် ပါးလွှာသော အိုးများကို ဖုတ်လေ့ရှိပြီး အခြယ်အလှယ်ကင်းသော အိုးများ၊ လေးထောင့်ကွက်ပုံစံ ဆေးခြယ်ထားသောအိုးများ၊ တုတ်ဖြင့် ရေးခြစ် ဒီဇိုင်းဖော်ထားသော အိုးများနှင့် ပေါင်းခံအိုးများကိုပြုလုပ်ခြင်း စသည့်အတတ်ပညာများ တတ်မြောက်နေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ဆလင်ဒါပုံမြေကွက်ငယ်များအမြောက်အမြားတွေ့ရှိမှုအရ ဝတီးမြို့ဟောင်း တည်ထောင်ခဲ့သည့်ကာလမှာ ကြေးခေတ်ကုန်ဆုံးပြီးနောက် ပျူခေတ် စောစောပိုင်းကာလခန့်ကတည်းက တည်ရှိခဲ့သည့် အထောက်အထားများပင် ဖြစ်သည်။

ထို့အပြင် တူးဖော်တွေ့ရှိရသော အဆောက်အအုံကြီး၏ အပေါ်ပိုင်းမှာ သစ်သားအဆောက်အအုံဖြစ်ပြီး တံခါးဝင်ပေါက်နေရာများတွင်လည်း သစ်သားတံခါးရွက်နှင့် သစ်သားတံခါးတိုင်များ အသုံးပြုဖွယ်ရှိကြောင်း မှန်းဆရသည်။ သစ်သားတံခါးတိုင်း၏ အောက်ခြေ၌ အုတ်ကိုဖောက်ထွင်း၍ တိုင်အောက်ခံ အုတ်ခွက်များကိုအသုံးပြုထားသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

တူးဖော်သုတေသနပြု

ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် ဆက်လက်၍ ပျူခေတ်နှင့် ကြေးခေတ် ယဉ်ကျေးမှုများကို တူးဖော်သုတေသနပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



တူးဖော်ရရှိသည့် ပစ္စည်းများ

နွားထိုးကြီးမြို့နယ် ဝတီးမြို့ဟောင်းတွင် ဝတီးမြို့ဟောင်း တူးဖော်မှု သုတေသနအဖွဲ့က တူးဖော်ရရှိသည့် ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)



အမှတ်(၂)ကုန်းမှ တွေ့ရှိသည့် ဆလင်ဒါပုံမြေကွက်ငယ်များ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ အချိန်မီလှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရွှေတိဂုံပုံစံတူ ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပေါင်းပွဲတော်အမီပြီးစီးအောင် တည်ထား ပူဇော်လျက်ရှိပါသည်။

ရဟန်းရှင်လူ ပြည်သူများကလည်း စေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အားတက်သရော ပါဝင်လှူဒါန်း ပူဇော်လျက်ရှိကြပါသည်။

ရွှေသင်္ကန်းကပ်လှူရန် ရွှေပြားလှူဒါန်းမှုနှင့် စပ်လျဉ်း၍ ၂၀၀၉ခုနှစ် ဇန်နဝါရီလမကုန်မီအတွင်း ထည့်ဝင်လှူဒါန်းသူများအား ရွှေစင်ရွှေပြားပေါ်တွင် သက်ဆိုင်ရာ အလှူရှင်အမည်ကို ကမ္ပည်းရေးထိုး၍ ဖေဖော်ဝါရီလအပြီး ကပ်လှူပူဇော်ပေးသွားမည်ဖြစ်ပါကြောင်း စေတနာရှင် ရဟန်းရှင်လူပြည်သူ အပေါင်းအား အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ချစ်သမီးကြီးမြသီတာကျော်အတွက် မွေးနေ့မင်္ဂလာဆုတောင်း

၂-၁-၂၀၀၉ရက်တွင်ကျရောက်သော လိမ္မာသိတတ်သည့် သမီးကြီး မြသီတာကျော်(ဂျပန်နိုင်ငံ-အိုဆာကာမြို့)၏ မွေးနေ့ မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းရာကျော်တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဖေဖေ ဦးလှကျော် - မေမေ ဒေါ်တင်ညွန့်ကျော်။

ကျေးဇူးဆပ်ပါမည်

၂၉-၁၂-၂၀၀၈ရက်ညက ပျဉ်ပုံကြီးနှင့် ဘုရားကြီးကြားတွင် ကျွန်တော်၏ လက်တော့ပ်ကွန်ပျူတာထည့်ထားသော အိတ်အနက်တစ်လုံး ကားပေါ်မှကျပျောက် ခဲ့ပါသည်။ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ကို ဆက်သွယ်ပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

ဦးအောင်သန့်နိုင်

ဖုန်း-၀၁-၅၇၀၄၉၂၊ ၀၉-၅၀-၇၅၈၁၇။

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄အီး၁၊ မြေကွက်အမှတ်-၁၃၃၊ မြေဧရိယာ၀.၀၉၃ ဧက(၄၀၀၉ စတုရန်းပေ)၊ တာမွေကြီး(ခ)ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်-၁၉ဟုခေါ်တွင်သော တိုက်အိမ်အပါအဝင် အကျိုးခံစား ခွင့် အရပ်ရပ်ကို စာချုပ်အမှတ်-၁၆၂၆/၂၀၀၆ဖြင့် ဦးဝေါဘွန် ကောင်း၊ ဦးတင်ထွန်း၊ ဦးမျိုးအောင်တို့အား အမွေဆိုင်များ၏ သဘောတူညီချက်အရ ရောင်းချ၍ လက်ရောက်ပေးအပ်ပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ဦးဗိုလ်နိုင် (၁၂/တမန(နိုင်)၀၄၆၁၄၀)

၂။ ဒေါ်ဝင်းဝင်းထွန်း (၁၂/တမန(နိုင်)၀၄၆၂၅၂)
အမှတ်-၂၁၊ သုံးလွှာ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။

ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၈ဃ/၂၁၄၄ ၏ အခွန်ကျေပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၂၄၃၄၀၂။

အမည်ပြောင်း

ဦးမျိုးမြင့်လွင် ၉/မကန (နိုင်) ၀၅၃၀၃၄၏သား အထက(၁) ဗဟန်း Grade-9,A မှ မောင်မျိုးဆက်ပိုင် အား မောင်မင်းဆက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းဆက်အောင်။

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသားကျောင်းသူ ဟောင်းများ၏တတိယအကြိမ်အာစရိယပူဇော် ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက်၉နာရီတွင်ဗဟန်းမြို့နယ် တောင်ကြီးစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းဆင်းမောင်နှမအားလုံးတက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးညွန့်ရွှေ ဖုန်း-၀၉-၅၀-၅၇၀၆၇၊ဦးအောင်ကျော်မြ-ဖုန်း-၅၆၃၆၆၇၊ဒေါ်သန်းသန်းမြင့်-ဖုန်း-၅၇၈၆၇၂၊ ဦးခွန်စောဒါလင် ဖုန်း-၀၉-၉၉-၂၇၆၉၂၊ ဦးစောဟာရယ် ဖုန်း-၆၄၀၁၄၃နှင့် ဒေါ်ခင်မိုးကြိုင် ဖုန်း-၀၉-၅၀-၃၃၀၈၃တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ဥတုရာသီ တောကိုမှီ၍

ကောင်းခါးမြို့ တိုက်နယ်ဆေးရုံသို့ သွားစိုက်ခုံလှူဒါန်း

လားရှိုး ဇန်နဝါရီ ၁

မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့ တိုက်နယ်ဆေးရုံသို့ သွားစိုက်ခုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ရက် နံနက် ၁၀နာရီက အဆိုပါ တိုက်နယ်ဆေးရုံ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးက ကောင်းခါးမြို့ တိုက်နယ်ဆေးရုံသို့ သွားစိုက်ခုံနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဒေသခံတိုင်းရင်းသားခေါင်းဆောင် တစ်ဦးနှင့် တိုက်နယ်ဆရာဝန် ဒေါက်တာ ထွန်းဝင်းတို့က လက်ခံယူကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားအဖွဲ့အစည်းမှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

The Live News ဂျာနယ် အမှတ်(၁၁၃) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၁၃)တွင် မြင်းမူ မောင်နိုင်မိုး၏ သူမိုက်နှင့်ဝဠ်ဆင်းရဲ၊ အုန်းသီးနှင့်နှမ်းစေ့၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၅)၊ ကိုကိုလှိုင်၏ အရှိန်နှင့်ကျဆင်းနေသည့် ဂျပန်စီးပွားရေးကို စံချိန်တင်ဘတ်ဂျက်ဖြင့် ပြန်လည်မြှင့်တင်နိုင်ပါမည်လော၊ မောင်မြတ်မွန်(ဆူးလေ)၏ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သယ်ယူပို့ဆောင်ရေးယာဉ်များ သမိုင်းကြောင်း(၅)၊ ရန်ကုန်ကိုအခြေပြု တည်ဆောက်ထားတဲ့ မီးရထားသယ်ယူပို့ဆောင်ရေး(Railway)နိုင်ငံ(အညာတက္ကသိုလ်) ၏ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည်ဂျပန်ပြည် အပိုင်း(၇)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၁၆)၊ အာရှမိုး၏ အိုဘားမားနှင့်လုပ်ဖော်ကိုင်ဖက်များ၊ တီတီအိတ်ချ်(ပြည်)၏ လက်ကမ်းပေးပါ၊ အာဖဂန်တွင် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များကိုလက်နက်တပ်ဆင်ပေးမည့် အမေရိကန်၊ လောင်စာဆီဈေးကျ၍ စားသုံးသူများသုံးစွဲမှုတိုးမြင့်လာ၊ ပါကစ္စတန်တပ်များအိန္ဒိယနယ်စပ်ဘက်သို့ ရွှေ့ပြောင်းလျက်ရှိ၊ ရဝမ်ဒါလူမျိုးစုများအား မျိုးဖြုတ်သုတ်သင်မှုဖြင့် ဘာဂိုဆိုရာကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်၊ သမ္မတဘုရှ်အားပစ်ပေါက်ခဲ့သည့် ဖိနပ်ကိုUS ဒေါ်လာ(၁၀)သန်းဖြင့် ဝယ်ယူရန်ကမ်းလှမ်း၊ လူမှုရေးအကျပ်အတည်းများ အပေါ် ပိုမိုအာရုံစိုက်လာတဲ့ပြင်သစ်၊ ၂၀၀၉နှစ်သစ်အတွက် အမျိုးသမီးအနုပညာရှင်များရဲ့ရင်ခုန်သံ၊ ပင်လယ်ပျော်မင်းသား အပိုင်း(၆၁၊၆၂)စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်အား အပတ်စဉ်စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန်စီစဉ်ထားရာလစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ်၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ်၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၁၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း၂၂၉၈၈၂၊၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ်(၅၅) ပထမထပ် ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊၀၉-၅၀-၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၀၈ခုနှစ် (၁၁)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအပြီးတွင် တွေ့ရစဉ်။ (မြန်မာဂေါက်ကလပ်)

မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးကြပ်၍မြန်မာဂေါက်ကလပ်က ကျင်းပသော ၂၀၀၈ခုနှစ် (၁၁)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက်တွင် မြန်မာဂေါက်ကလပ် ၉မိုင်၊ ပြည်လမ်း၌ ကျင်းပရာ ရေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးရေးထက်ဒိုးက ပြိုင်ပွဲအတွက် ဆုများနှင့် ဆုကြေးများကို ကူညီပံ့ပိုးခဲ့ကြသော အလှူရှင်များကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ရာ ဒေါ်ဝါဝါချစ်က လက်ခံယူသည်။

ချီးမြှင့်

ထို့နောက် ဆုများကို ချီးမြှင့်ရာ အလှူရှင်များကိုယ်စား ဦးဝင်းမြင့်ချင်းက အသက်(၁၀-၁၂)နှစ်အတန်း ပြိုင်ပွဲတွင် အသက်အငယ်ဆုံးအထူးဆု နှစ်ဦး၊ နှစ်သိမ့်ဆုရရှိသူငါးဦးနှင့် ပဋ္ဌမဆုရရှိသော ကျော်မင်းသူ၊ စတုတ္ထဆုရရှိသော ဝင်းဖြိုး၊ တတိယဆုရရှိသော ဇင်အောင်မင်း၊ ဒုတိယဆုရရှိသော BRANDAN နှင့် ပထမဆုရရှိသော ခွန်ကျော်မြတ်သာတို့အားလည်းကောင်း၊ မြန်မာဂေါက်ကလပ် အတွင်းရေးမှူး ဦးမြင့်စိုးက အသက်(၁၃-၁၅)နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုငါးဦးနှင့် ပဋ္ဌမဆုရရှိသော အောင်ချစ်မင်း၊ စတုတ္ထဆုရရှိသော စည်သူရဲရင့်၊ တတိယဆုရရှိသော အောင်ကျော်လင်း၊ ဒုတိယဆုရရှိသော စောမိုးပိုင်စိုးနှင့် ပထမဆုရရှိသော ဝင်းထက်ကျော်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အသက်(၁၆-၂၀)နှစ်အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆု ငါးဦးနှင့် ပဋ္ဌမဆုရရှိသော ဇင်မင်းသူ၊ စတုတ္ထဆုရရှိသော ဥက္ကာဦး၊ တတိယဆု ရရှိသော မျိုးနိုင်ထွန်း၊ ဒုတိယဆုရရှိသော သိန်းနိုင်စိုးနှင့် ပထမဆုရရှိသော ကောင်းထူးအောင်တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

တာဝန်ယူဆောင်ရွက်

အဆိုပါပြိုင်ပွဲတွင် Srixon, KM Golf Centre, Double Eagle Golf, Pan-West Co.,Ltd, Standard House Golf နှင့် Yomato Golf Shopတို့က ဆုတံဆိပ်များနှင့် ဂေါက်သီးရိုက်ပစ္စည်းများကိုလည်းကောင်း၊ ဦးဝင်းမြင့်ချင်း၊ ဦးသန်းမြင့်၊ ဦးချစ်ဆွေ၊ Theik Diamond, Korean Ginseng နှင့် Honma Co.,Ltd. တို့က ပြိုင်ပွဲအတွက် အလှူငွေများကိုလည်းကောင်း ကူညီပံ့ပိုးကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် မြန်မာဂေါက်ကလပ်နှင့် Han Event Management တို့က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရာတော်မြို့ ပိတောက်လမ်းကျောက်ချောခင်း

အရာတော် ဇန်နဝါရီ ၁

၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ် အရာတော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ မြို့ပြပိတောက်လမ်းအား ၁၂၀၁ပေ× ၁၂ပေကျောက်ချောခင်းဆောင်ရွက်ပြီးစီးမှုကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေး အဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသင်းအောင်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

စင်ကာပူ ITE ကျောင်းသို့ Shine Education Services မှတစ်ဆင့် လျှောက်ထားနိုင်

ရန်ကုန် ဇန်နဝါရီ ၁

Shine Universal Services သည် စင်ကာပူနိုင်ငံ၌ ပညာသင်ကြားလိုသော ကျောင်းသားကျောင်းသူများအတွက် သက်ဆိုင်ရာ ရည်မှန်းချက်အသီးသီးသို့ ရောက်ရှိစေရန်နှင့် အဆင်ပြေချောမွေ့မှုရှိအောင် ဝန်ဆောင်မှုမျိုးစုံပေးအပ်နေသော အဖွဲ့အစည်းဖြစ်သည်။

စင်ကာပူနိုင်ငံသို့ သွားရောက်၍ ပညာသင်ကြားခြင်းမပြုမီနှင့် စင်ကာပူနိုင်ငံသို့ ရောက်ရှိ၍ ပညာသင်ကြားနေစဉ်ကာလအတွင်း အပိုင်းအခြားနှစ်ခုလုံး၌ စေတနာထား၍ လိုအပ်သောပညာရေး ဝန်ဆောင်မှုများကို အပြည့်အဝဆောင်ရွက်ပေးကာ ကျောင်းသားနှင့် မိဘများ၏ ယုံကြည်မှုကို ရယူနေသည့်အပြင် လစဉ်ပညာရေး ဆွေးနွေးပွဲများ(Seminars)၊ လုပ်ငန်းပိုင်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ (Workshops)တို့ကို အဆက်မပြတ် စီစဉ်တင်ဆက်ရင်း ကျောင်းသားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

လျှောက်ထားနိုင်

၂၀၀၉ခုနှစ် ဇန်နဝါရီလအတွင်း၌ နှစ်ဦးအထူးအစီအစဉ်အနေဖြင့် စင်ကာပူနိုင်ငံ ITE(Institute of Technical Education) ကျောင်း၏ ဧပြီလ၌ ဖွင့်လှစ်မည့် အသက်မွေးဝမ်းကျောင်း ဘာသာရပ်များကို လျှောက်ထားနိုင်မည့် အခွင့်အရေးဖြစ်သည်။

ပေးအပ်ချီးမြှင့်

ITE ကျောင်းသည် စင်ကာပူနိုင်ငံ၌ ၁၉၉၂ခုနှစ်၌ စတင်တည်ထောင်၍ စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုများမှ လိုအပ်သော အရည်အချင်းမီ ကျွမ်းကျင်ပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးနေသော ကျောင်းကြီးဖြစ်သည်။ ကျောင်းခွဲပေါင်း ၁၀ကျောင်းကျော်ရှိ၍ ၂၀၀၇ခုနှစ်၌ Inaugural Global Harvard-IBM Innovations Award in Transforming Government ဆုကို ပေးအပ်ချီးမြှင့်ခြင်း ခံခဲ့ရသည်။

Engineering, Business, IT, Accounting, Service Skills, Digital Media, Beauty Therapy, Aerospace Avionics, Lighting & Sound Technology, Hospitality, Logistics Management, Event and Sport Management, Early-Childhood Education စသည့် ဘာသာရပ်များအပြင် အသက်မွေးဝမ်းကျောင်းဘာသာရပ်အများအပြားကို အစဉ်ပြောင်းလဲနေသော Global Economic ရေစီး၏လိုအပ်ချက်အတိုင်း ITE ကျောင်းများမှ သင်ကြားပေးလျက်ရှိသည်။

ITE ကျောင်းသားများ၏ အမှတ်အသားသဖွယ်ဖြစ်သော "Hands-on Minds-on, Hearts-on" ဆိုသော သတ်မှတ်ချက်များနှင့်အညီ လက်တွေ့ကျွမ်းကျင်မှုရှိ၍ တီထွင်ဖန်တီးနိုင်သော ဉာဏ်ရည်ဉာဏ်သွေးများနှင့် ပြည့်စုံသော ကျောင်းသားများအား စနစ်တကျ လေ့ကျင့်သင်ကြားပေး၍ NITEC (National Institute of Technical Education Certificate) နှင့် Higher NITEC များကို ချီးမြှင့်ပေးအပ်လျက်ရှိသည်။ ထူးချွန်စွာအောင်မြင်၍ Academic Way သွားချင်သူများအတွက်လည်း မိမိသင်ကြားခဲ့သော ဘာသာရပ်အလိုက် Polytechnicကျောင်းများသို့ တက်ရောက်သင်ကြားနိုင်သည့် အခွင့်အရေးလည်း ရရှိမည်ဖြစ်သည်။

ဆောင်ရွက်ပေးမည်

လက်တွေ့ကျကျ တီထွင်ဖန်တီးနိုင်စွမ်းဖြင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများကို သင်ယူ၍ အစဉ်အမြဲပြောင်းလဲနေသော Globalization ခေတ်ကြီးထဲသို့ တိုးဝင်နေရာယူလိုသော လူငယ်များအတွက် ITE ကျောင်းဝင်ခွင့်လျှောက်ထားမှုကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂ရက်မှ ၃၀ရက်အတွင်း SHINEမှ တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အသေးစိတ် အချက်အလက်များကို သိရှိလိုပါက SHINE Universal Services Co., Ltd. အမှတ် ၃၈/၄၀ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၃၀၄၁သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

နှစ်သစ်ကူး ဂုဏ်ပြုခံ ရွက်လှေအားကစားသမား ဘင်အင်စလီ

၂၀၀၈ခုနှစ်အတွက် ဗြိတိန်နိုင်ငံ၏ ဂုဏ်ထူးဆောင် အားကစားသမားများတွင် ရွက်လှေအားကစားသမား ဘင်အင်စလီလည်း ရွေးချယ်ခံရသည်။ ဘင်အင်စလီသည် ၂၀၀၈ ခုနှစ် ပေကျင်း အိုလံပစ်၌ ရွှေတံဆိပ်နှစ်ခုရရှိခဲ့သူဖြစ်ပြီး နိုင်ငံတကာ ဖိတ်ခေါ် ရွက်လှေပြိုင်ပွဲ၌လည်း ရွှေတံဆိပ်ရရှိခဲ့သူဖြစ်သည်။ ဘင်အင်စလီအနေဖြင့် ပြည်တွင်းရွက်လှေပြိုင်ပွဲနှင့် နိုင်ငံတကာ ရွက်လှေပြိုင်ပွဲများတွင် ၂၀၀၈ ခုနှစ်က စုစုပေါင်း ရွှေတံဆိပ် လေးခုရယူနိုင်ခဲ့သူဖြစ်သဖြင့် ၂၀၀၉ ခုနှစ် နှစ်သစ်ကူးဂုဏ်ထူးဆောင် အားကစားသမားအဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။

(အင်တာနက်)

၂၀၀၈ခုနှစ်အတွက် အကောင်းဆုံး တင်းနစ်မယ် ဂျန်ကိုဗစ်

ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ်က ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃၁ရက် ထုတ်ပြန်သော စာရင်းအရ ကမ္ဘာ့အကောင်းဆုံး တင်းနစ်အားကစားမယ်အဖြစ် ဂျီလီနာဂျန်ကိုဗစ် ရွေးချယ်ခြင်းခံရသည်။ အသက် ၂၃ နှစ်အရွယ်ရှိ ဂျန်ကိုဗစ်သည် ၂၀၀၈ခုနှစ်အတွက် ဂုဏ်ထူးဆောင် တင်းနစ်အားကစားမယ်အဖြစ် ကမ္ဘာ့တင်းနစ် အဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။ ထို့အတူ ၂၀၀၈ခုနှစ် ဂုဏ်ထူးဆောင် တင်းနစ်ကစားသမားအဖြစ် ရာဖေးလ်နာဒယ်လည်း အရွေးခံခဲ့ရသည်။

(အင်တာနက်)

၂၀၀၈ခုနှစ် အကောင်းဆုံးလက်ဝှေ့သမား ဒဗလျူဘီအိုဟဲဗီးဝိတ်ချန်ပီယံ ကလစ်ချာကို

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် (ဒဗလျူဘီအို)၏ ၂၀၀၈ခုနှစ် ဟဲဗီးဝိတ်တန်း အကောင်းဆုံးလက်ဝှေ့သမားများ၏ အမည်စာရင်းကို ဒီဇင်ဘာ ၃၁ရက်၌ စာရင်းထုတ်ပြန်လိုက်ရာ အငြင်းပွားဖွယ်မရှိ ဒဗလျူဘီအိုဟဲဗီးဝိတ်ချန်ပီယံ ယူကရိန်းနိုင်ငံသား ကလစ်ချာကိုက ထိပ်ဆုံး၌ ရပ်တည်နေသည်။ အမှတ်စဉ်အလိုက် အကောင်းဆုံး လက်ဝှေ့သမားများမှာ ယူကရိန်းမှ ဒီမီထရန်ကို၊ ဗြိတိသျှလက်ဝှေ့သမားဒေးဗစ်ဟာယေး၊ အမေရိကန်လက်ဝှေ့သမား အာရီရိုလာကနှင့် စတုတ္ထနေရာ၌ ရုရှားလက်ဝှေ့သမားပိုဗက်ကင်တို့ အသီးသီး ရပ်တည်နေကြသည်။

(အင်တာနက်)

နှစ်သစ် အကောင်းဆုံးဂုဏ်ပြုသမားဆု စက်ဘီးစီးကစားသမား ခရစ်ဟွိုင်းရရှိ

၂၀၀၉ခုနှစ် နှစ်သစ်ကူးကာလတွင် ၂၀၀၈ခုနှစ် တစ်နှစ်တာ ကာလအတွင်း ဗြိတိန်နိုင်ငံအတွက် အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သည့် အားကစားသမားအဖြစ် စက်ဘီးစီးကစားသမား ခရစ်ဟွိုင်းအား တစ်နှစ်တာဂုဏ်ထူးဆောင်ကစားသမားအဖြစ် ရွေးချယ်ခံရသည်။ အသက် ၃၂နှစ်အရွယ်ရှိ ခရစ်ဟွိုင်းသည် ပြီးခဲ့သည့် ၂၀၀၈ခုနှစ် ဩဂုတ်လကကျင်းပခဲ့သော ပေကျင်းအိုလံပစ်ပြိုင်ပွဲ၌ တစ်ဦးတည်း ရွှေတံဆိပ်သုံးခုရရှိခဲ့သူဖြစ်ရာ ဗြိတိန်နိုင်ငံ၏ နှစ်၁၀၀အတွင်း နိုင်ငံတကာ အိုလံပစ်ပြိုင်ပွဲများ၌ တစ်ဦးတည်း ရွှေတံဆိပ်သုံးခု ရယူနိုင်ခဲ့သည့် ပထမဆုံး အားကစားသမားတစ်ဦးဖြစ်သည်။ (အင်တာနက်)

ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးများ၏ နှစ်ဦးသတင်းထူး

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ — ဟန်စိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဇန်နဝါရီ ၁

၂၀၀၉ခုနှစ် ဇန်နဝါရီ ဘောလုံးသမား အပြောင်းအရွှေ့ဈေးကွက်မှာ ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးတွေအနေနဲ့ ဆုဖလားတွေကာကွယ်ရေးနဲ့ ဆုဖလားတွေရရှိရေးအတွက် ဘောလုံးသမားအသစ် ခေါ်ယူဖြည့်ဆည်းတာတွေ၊ အသင်းမှာခြေစွမ်းမပြနိုင်တဲ့အပြင် ပိုလျှံနေတဲ့ကစားသမား ရောင်းထုတ်တာတွေကို လုပ်ဆောင်နေကြပြီဖြစ်တယ်။ ဒါကြောင့် ၂၀၀၉ခုနှစ်ရဲ့နှစ်ဦးကာလမှာ ပရီမီယာလိဂ်ထိပ်တန်း အသင်းကြီးတွေရဲ့ လှုပ်ရှားမှုအခြေအနေကို ကြည့်လိုက်ရင်-

မန်ယူ

ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်ယူအသင်းဟာဖလားကာကွယ်နိုင်ဖို့အတွက် နည်းပြဖာဂူဆန်ကို ဇန်နဝါရီ အပြောင်းအရွှေ့ကာလမှာသုံးစွဲဖို့ ပေါင်သန်း၂၀ခွင့်ပြုပေးထားပါတယ်။ ဒါပေမယ့် နည်းပြကြီး ဖာဂူဆန်က လက်ရှိ မန်ယူအသင်းမှာရှိနေတဲ့ဘောလုံးသမားတွေနဲ့ ပရီမီယာလိဂ်ဖလားရော ချန်ပီယံလိဂ်ဖလားပါ ကောင်းကောင်းကာကွယ်နိုင်ပါတယ်ဆိုပြီး အဲဒီငွေတွေကို သုံးစွဲဖို့ မလိုပါဘူးလို့ မန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုကို တရားဝင်ပြောကြားလိုက်ပြီဖြစ်ပါတယ်။ ကလပ်ပိုင်ရှင်တွေအနေနဲ့ မန်ယူအသင်းကို ၂၀၀၆ခုနှစ်က ရောက်လာကြတဲ့ အီဗရာနဲ့ဗီဒစ်တို့ကို စာချုပ်သက်တမ်းတိုးဖို့ပဲ လိုအပ်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် မန်ယူအနေနဲ့ အရန်ဂိုးသမားဘင့်ဖော်စတာနဲ့ တိုက်စစ်မှူး တီဗက်ဇ်တို့ကိုရောင်းချဖို့ အစီအစဉ်ရှိတယ်လို့ မန်ယူကလပ် တာဝန်ရှိသူတွေက အရိပ်အမြွက် ပြောကြားနေပါတယ်။ တီဗက်ဇ်ကို အာဆင်နယ်နဲ့ မန်စီးတီးတို့က အလိုရှိနေတာမို့ တရားဝင်ဆက်သွယ်မှုတွေ ပြုလုပ်နေပြီလို့ဆိုပါတယ်။

ချယ်လ်ဆီး

ပရီမီယာလိဂ် ဖလားနဲ့ ချန်ပီယံလိဂ်ဖလားနှစ်လုံးအနက် တစ်ခုခုယူပေးမယ်လို့ ကတိပြုထားတဲ့ နည်းပြ စကိုလာရီအတွက် အသင်းပိုင်ရှင်အီဗရာမိုဗစ်ကဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ ပေါင်သန်း ၂၀ ခွင့်ပြုပေးထားပါတယ်။ ချယ်လ်ဆီးအသင်းအတွက် ရှေ့တန်း၊ အလယ်တန်းနဲ့ နောက်တန်းကစားသမားတစ်ဦးစီ လောက်ထပ်ဖြည့်လိုတဲ့အတွက် ဘောလုံးသမားသစ်ခေါ်ယူဖို့ ရှိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုက်စစ်မှူး အနယ်လ်ကာ ဒဏ်ရာရရှိနေတဲ့အပြင် ကြံ့ခိုင်မှုမပြည့်ဝတာမို့ အင်အားပြည့် မကစားနိုင်သလို အဓိက ကွင်းလယ်ကစားသမား အက်ဆီယံလည်း ဒဏ်ရာရနေလို့ ချယ်လ်ဆီးအသင်း အကျပ်တွေ့နေပါတယ်။ ဒါကြောင့် လိုချင်တဲ့တိုက်စစ်မှူးကတော့ မစ်ဒယ်ဘရော့က တွန်ကေးနဲ့ ဝီဂန်က ဇာကီတို့နှစ်ဦးအနက် တစ်ဦးကိုခေါ်ယူဖို့ ကြိုးစားမယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဇင်းနစ်အသင်းက အာရှာဗင်နဲ့ ဆီဗီလာအသင်းက ဖာဘီရာနိုတို့ကိုလည်း စကိုလာရီက ခေါ်ယူလိုနေပါတယ်။ အသင်းက ရောင်းထုတ်ဖို့ အစီအစဉ်ရှိတဲ့ ကစားသမား တွေကတော့ ဝိန်းဘရစ်ချ်၊ ဘင်ဆာဟာ၊ စကော့တ်ဆင်ကလဲရား၊ ပေါလိုဖာရဲရားနဲ့ အရန်ဂိုးသမား ကာလိုကူဒီစီနီတို့ပဲ ဖြစ်တယ်လို့ ဆိုပါတယ်။

လီဗာပူး

ပရီမီယာလိဂ်ဖလားကို မျှော်မှန်းနေတဲ့ လီဗာပူးအသင်းကို ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်ကာလမှာ သီးသန့်ဘတ်ဂျက်ငွေ မသတ်မှတ်ထားပေမယ့် လိုအပ်တဲ့ဘောလုံးသမားကိုဝယ်ယူနိုင်တယ်လို့ အသင်းပိုင်ရှင် ဂျော့ဂီးလက်နဲ့ တွမ်ဟစ်ဇ်တို့က ခွင့်ပြုပေးထားပါတယ်။ နည်းပြ ဘင်နီတက်ဇ်ကတော့ အသင်းပိုင်ရှင်တွေရဲ့ ငွေကြေးအခြေအနေကို ခန့်မှန်းမိတာမို့ ဘောလုံးသမားအသစ် ထပ်မံမဖြည့်တော့ဘူးလို့ ဆိုပါတယ်။ လီဗာပူးဟာ အခုဇန်နဝါရီမတိုင်မီ ရာသီအစမှာ မာရှေးရာနိုကို နှစ်နှစ်အငှားစာချုပ်နဲ့ ခေါ်ယူခဲ့တာကို အပြီးဝယ်ယူခဲ့သလို မိုရီယန်တေးစ်ကိုလည်း ဝယ်ယူခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ထပ်ဖြည့်လိုတဲ့ ကစားသမားတွေကတော့ ဝီဂန်တိုက်စစ်မှူး ဟတ်စကီးနဲ့ ပို့စ်မောက်က ဂျွန်ဆင်တို့ခေါ်ယူဖို့အတွက် လီဗာပူးကလပ်က ကြိုးစားပါတယ်။ ရောင်းထုတ်ဖို့ အစီအစဉ်ရှိတဲ့ ကစားသမားကတော့ ဂျာမိန်းပင်းနန့်ဖြစ်ပြီး ဘီနာယောင်ကိုတော့ စောင့်ကြည့်နေတယ်လို့ဘင်နီတက်ဇ်က အရိပ်အမြွက် ပြောကြားနေပါတယ်။ လီဗာပူးပရိသတ်တွေကတော့ တိုက်စစ်မှူးအိုဝင်ကို ပြန်ခေါ်ဖို့ အကြံပေးစာတွေ ပေးပို့နေပေမယ့် ဘင်နီတက်ဇ်က အစီအစဉ်မရှိဘူးလို့ ဆိုနေပါတယ်။

အာဆင်နယ်

အာဆင်နယ် အသင်းအတွက် အောင်မြင်မှုတွေပြန်လည် စွမ်းဆောင်နိုင်ဖို့အတွက် နည်းပြ အာစင်ဝင်းဂါးကို အသင်းပိုင်ရှင်တွေက အခု ဇန်နဝါရီ အပြောင်းအရွှေ့အတွက် ပေါင်သန်း ၃၀အထိ သုံးစွဲခွင့် ပြုထားပါတယ်။ နည်းပြ အာစင်ဝင်းဂါးအနေနဲ့ သူခေါ်ယူလိုတဲ့ ဘောလုံးသမားတွေကတော့ လီဗာပူးကွင်းလယ်ကစားသမား အလွန်ဆို၊ ဘာစီလိုနာက ယာယာတိုရေး၊ ဇင်းနစ်အသင်းက အာရှာဗင်၊ အရင် အာဆင်နယ်ကစားသမားဟောင်းဖြစ်ပြီး အခုဝက်စ်ဟမ်းနောက်ခံလူ ဖြစ်နေတဲ့ မက်သရူး၊ ဖူလ်ဟမ်အသင်းက ဟန်ဂီလန်၊ ရီးမားအသင်းက ဖိလစ်ပီမက်အက်စ်နဲ့ ဂျူဗင်းတပ်စ်က ချီလီနီတို့ ဖြစ်တယ်လို့ ပြောပါတယ်။ အသင်းက ရောင်းထုတ်လိုတဲ့ ကစားသမားတွေကတော့ နောက်ခံလူ ဂါးလက်စ်၊ ကိုလိုတိုရေး၊ အီဘူးနဲ့ဘင့်တနာတို့ပဲ ဖြစ်တယ်လို့ နည်းပြအာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဒါကြောင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလမှာ ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးတွေရဲ့ လှုပ်ရှားမှုနဲ့ အသင်းရလဒ်တွေကတော့ စိတ်ဝင်စားဖွယ်ကောင်းနေမှာဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။

(အင်တာနက်)

တံကောက်ကြောဒဏ်ရာရသူ ဝီဂန်တိုက်စစ်မှူး ဟတ်စကီး စပါးနှင့် ကစားရမည့် အက်ဖ်အေပွဲစဉ်နှင့် လွဲချော်ဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၁



ဝီဂန်တိုက်စစ်မှူး ဟတ်စကီးသည် ဒီဇင်ဘာ၂၈ ရက်ကဘောလ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားသောပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့မှုကြောင့် အက်ဖ်အေဖလား တတိယအဆင့်ပြိုင်ပွဲ၌ စပါးနှင့် ယှဉ်ပြိုင်ရမည့်ပွဲစဉ်များနှင့် လွဲချော်ဖွယ်ရှိကြောင်း သတင်း၌ဖော်ပြသည်။

အင်္ဂလန် လက်ရွေးစင် ဟတ်စကီးကိုဒီဇင်ဘာ၃၀ ရက်က ဓာတ်မှန်ရိုက် စစ်ဆေးခဲ့သည်။ သို့သော်လည်း ဝီဂန်နည်းပြ စတိဘရစ်သည် အက်ဖ်အေဖလားပြိုင်ပွဲ လူစာရင်းတွင် ၎င်းအားထည့်သွင်းရွေးချယ်ထားခြင်း မရှိခဲ့ချေ။

မိမိတို့အနေဖြင့် ဟတ်စကီး၏ တံကောက်ကြောဒဏ်ရာ အတိုင်းအဆကို မသိကြောင်း၊ ထို့အပြင် အချိန်မည်မျှကြာမည်ကိုပင် မသိကြောင်း နည်းပြစတိဘရစ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဝီဂန်အသင်းအနေဖြင့် ကျောကုန်းဒဏ်ရာရရှိနေမှုကြောင့် ရီဘော့ခ်ကွင်းတွင် အောင်ပွဲနှင့်လွဲခဲ့ရသော ဂိုးသမား ခရစ်ကက်လန်ကိုလည်း စောင့်ကြည့်စစ်ဆေးနေဆဲပင်ဖြစ်သည်ဟု ဖော်ပြသည်။

(အင်တာနက်)

ဝက်စ်ဘရွန်းခံစစ်မှူး နေးလ်ကလီးမင့် ဒဏ်ရာကြောင့်အနားယူရဖွယ်

လန်ဒန် ဇန်နဝါရီ ၁

ဝက်စ်ဘရွန်းခံစစ်မှူး နေးလ်ကလီးမင့်သည် ရာသီအကြိုက ရီးရဲမာလော့ကာနှင့် ယှဉ်ပြိုင်ကစားသောပွဲတွင် ရရှိခဲ့သော ဒူးဒဏ်ရာကြောင့် ကျန်သောရာသီ တစ်လျှောက်လုံး အနားယူရတော့မည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ကလီးမင့်၏ ကြံ့ခိုင်မှုကို ကာလ သတ်မှတ်ခဲ့သေးကြောင်း၊ သို့သော်လည်း ယခုဘောလုံးရာသီတွင် ဝက်စ်ဘရွန်းအသင်း၌ ပြန်လည်ပါဝင်ကစားနိုင်ဖွယ်မရှိတော့ဟု မိမိထင်ကြောင်း နည်းပြတိုနီမော်ဘရေးက ထုတ်ဖော်ပြောကြားခဲ့သည်။

(အင်တာနက်)

တန်းကျော်အပြေးမယ်ဂျုန်းစ် ကမ္ဘာ့စံချိန်တင်မည်

လန်ဒန် ဇန်နဝါရီ ၁

ကမ္ဘာ့အားကစားရုံတွင်း မီတာ ၆၀ တန်းကျော်ချန်ပီယံ ဗြိတိသျှအပြေးမယ် လိုလိုဂျုန်းစ်က လာမည့်ဖေဖော်ဝါရီတွင် ဘာမင်ဂမ်မြို့၌ ကျင်းပမည့် ကမ္ဘာ့အားကစားရုံတွင်း အပြေးပြိုင်ပွဲ၌ လက်ရှိစံချိန်ကိုတင်ရန် လေ့ကျင့်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၃၁ရက်က ပြောကြားသည်။

အသက် ၂၆နှစ်အရွယ်ရှိ ဂျုန်းစ်သည် မီတာ၆၀ တန်းကျော်ပြိုင်ပွဲကို ၇ဒသမ၇၇စက္ကန့်ဖြင့် ပြေးထားသူဖြစ်သည်။ မီတာ၆၀တန်းကျော်ပြိုင်ပွဲ ကမ္ဘာ့စံချိန်မှာ ၇ဒသမ၆၈စက္ကန့် ဖြစ်သည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းရေးသားသည်

တိုက်ခန်းရောင်းမည်

လမ်းမတော်မြို့နယ်၊ ဖလမ်း၊ (၁၅ ×၅၀) ပေ ခုနစ်လွှာ၊ ကိုယ်ပိုင်ရေမီး၊ အရှုပ်အရှင်းကင်း ကျပ် ၁၆၉ သိန်း။

ဖုန်း-၂၂၇၅၂၅။

တိုက်ခန်းအမြန်ရောင်းမည်

ဗိုလ်ရာညွန့်လမ်း 3F နှစ်လွှာ 2 BR၊ 2 AC ညှိနိုင်းဈေး

ဖုန်း-၅၀၅၀၂၉၊ ၀၉-၅၀-၁၀၁၈၉။

ယာဉ်မှတ်ပုံတင်စာအုပ်လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၄၈၂၃၀ Honda C 90 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်း ၉/မသန (နိုင်) ၁၁၉၁၃၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

ယာဉ်မှတ်ပုံတင်စာအုပ်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၂၂၈၃၂ Honda C 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းခင် ၁၃/မတန(ပြု)၀၀၀၀၄၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

ရောင်းမည်

တည်နေရာ-အမှတ်(၃)လမ်းမပေါ်၊ မင်္ဂလာဒုံမြို့နယ်၊ မြေအကျယ်အဝန်း- ပေ (၁၈၀ × ၁၂၀)၊ အဆောက်အအုံ- ပေ (၁၀၀×၈၀)၊ ရေ၊ မီးစုံ။

ဆက်သွယ်ရန်

ဖုန်း- ၀၉-၅၀-၅၅၂၇၂။

မီးကို ကြိုတင် ကာကွယ်မှုဖြင့် အနိုင်ယူပါ

တရားမပုံစံအမှတ်-၇၄

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၂၂၂
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၁၉၉

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးကျော်ဖြူ ၂။ ဒေါ်ခင်ဝင်း

တရားနိုင် **တရားရှုံးများ**

၁။ ဦးကျော်ဖြူ ၂။ ဒေါ်ခင်ဝင်း အမှတ်-၂၇/ခ ဥဿာသုခလမ်း (၂/က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

၂၀၀၇ခုနှစ် တရားမကြီးအမှုအမှတ်-၂၂၂တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ (၄င်း၏မန်နေဂျာ)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၉ရက် (၁၃၇၀ ပြည့်နှစ် တပို့တွဲလဆန်း ၉ရက်)မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးမောင်မောင်အေး
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး။

တရားမပုံစံ-၃၇

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

မွန်ပြည်နယ်တရားရုံး၊ မော်လမြိုင်မြို့
၂၀၀၈ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၂

ဦးမောင်စိန်(ခ)ဦးခေး **နှင့်** ၁။ ဦးဆန်းဝင်း ၂။ ဦးကျော်သူဖေ အမှတ်(၆၂)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ (ယခင်နေရပ်လိပ်စာ)

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

ဦးကျော်သူဖေ အမှတ်(၆၂)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့(ယခင်နေရပ်လိပ်စာ) [ယခုနေရပ်လိပ်စာမသိ] သိစေရမည်။

အထက်အမည်ပါလျှောက်ထားသူ ဦးမောင်စိန်(ခ)ဦးခေးက မွန်ပြည်နယ်တရားရုံး တရားမဇာရီမှုအမှတ်-၂၂/၂၀၀၇အမှုတွင် အမှုသည်အဖြစ် မပါဝင်သော်လည်း ၄င်းနေထိုင်ရာ မြေကွက်ကို ၂၀-၁၀-၂၀၀၈ရက်စွဲပါပစ္စည်းတွင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းပါဝင်ရာ ပညတ်သည့် အမိန့်ကပ်ခဲ့ခြင်းကို မကျေနပ်သဖြင့် တရားမကျင့်ထုံးအမိန့်-၂၁၊ နည်း-၅၈အရ ဝရမ်းခွာပေးရန် တရားမအထွေထွေမှု၌ လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်ထားချက်အတိုင်း အမိန့်မချမှတ်သင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၂ရက်(၁၃၇၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေနှင့်ဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်ပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်(ပြည်နယ်တရားသူကြီး)
မွန်ပြည်နယ်တရားရုံး၊ မော်လမြိုင်မြို့။

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
သရက်မြို့နယ်တရားမရုံး၌
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၀

ဦးစိုးဝင်း လက်ထောက်မန်နေဂျာ သစ်ထုတ်လုပ်ရေး သရက်မြို့။ **နှင့်** မြင့်ကြိုင်(ခ)တရုတ်ကြီး

တရားလို **တရားခံ**

သရက်မြို့၊ စာတိုက်လမ်း-ကျွန်းသာယာရုံးရပ်နေ (ယခုနေရပ်လိပ်စာမသိ) မြင့်ကြိုင်(ခ)တရုတ်ကြီး (ဘ)ဦးလှရွှေ သိစေရမည်။

သင့်အပေါ်၌ ဦးစိုးဝင်းက လျော်ကြေးငွေကျပ် ၂၇၅၀၀၀၀ ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၇ရက် (၁၃၇၀ပြည့်နှစ် ပြာသိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးခင်မောင်ကျော်
မြို့နယ်တရားသူကြီး
သရက်မြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ပင်းတယမြို့နယ်တရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် -၃/၂၀၀၈

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ပင်းတယမြို့။ **နှင့်** ၁။ ဦးပါပါလေး ၂။ ဒေါ်သန်းငွေ

တရားနိုင် **တရားရှုံးများ**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၅/၂၀၀၇ တွင် ရရှိသော ဒီကရီအရ အောက်ပါပစ္စည်းများကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

တရားရှုံး ဦးပါပါလေး-ဒေါ်သန်းငွေတို့ ပိုင်ဆိုင်သည့် ပင်းတယမြို့ အော်ရော ရပ်ကွက်ရှိ အကွက်အမှတ် ၄၅၊(ကမ္ဘဋ္ဌာန်းကျောင်းတောင်ရပ်)၊ ဦးပိုင်အမှတ်(၄၀)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂၇×၁၈)ပေ၊ (၁၈×၉)ပေ၊ အမြင့် ၁၁ပေရှိ သွပ်မိုး၊ အုတ်သစ်ညှပ်ကာ၊ ကွန်ကရစ်ခင်း၊ တစ်ထပ်တိုက်အဆောက်အအုံတစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။ **လေလံကြမ်းခင်းဈေး ကျပ်သိန်း၆၀။**

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါ အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးတင်မြင့် (တ/၂၂၀၈)
မြို့နယ်တရားသူကြီး
ပင်းတယမြို့နယ်တရားရုံး။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အထက(၃) န၀မတန်း (C-7)မှ မသီဝေလှိုင်၏ ဖခင်အမည်မှန်မှာ ဦးရန်ချန် ၁/၀မန(နိုင်)၀၃၂၉၉၈ ဖြစ်ပါသည်။

အမည်ဖြည့်စွက်ခြင်း

အဖ ဦးလှအောင်၏ သမီး မြစ်ကြီးနား အထက(၃)ဆဋ္ဌမတန်းမှ မခေါန်ရိမ်အား မခေါန်ရိမ်(ခ) မနန်းမွေခမ်းဟု ဖြည့်စွက်ခေါ်ပါရန်။

မခေါန်ရိမ်(ခ) မနန်းမွေခမ်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၃၈၄၀ Honda C 90 SDX ယာဉ်လက်ဝယ်ရှိသူ ဦးကြီးမောင် ၉/မနမ(နိုင်)၀၂၆၄၆၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပခ/၂၂၉၅၆ Kenbo Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ညွန့် ၁၂/ခရန(နိုင်)၀၄၄၁၇၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဦးစီးမှူးရုံး၊ (ပဲခူး)။**

ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းလွဲ ၂နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာတော်နှင့်အတူ မည်သူမဆို လာရောက်လှူဒါန်းနိုင်ပါသည်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်အောင်ကျော်ဦး ၁/မကန(နိုင်)၁၀၇၂၈၂သည် မိခင်အပေါ် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သွားလျက်ရှိပြီး ဆိုဆုံးမမှု မရတော့ပါသဖြင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရှေ့မှောက်၌ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို တာဝန်ယူမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်။)**

ဒေါ်ငွေရှင် ၁/မကန(နိုင်)၀၄၂၉၆၈
အမှတ် ၁၇၅၊ အေးစေတီရပ်ကွက်၊ မြစ်ကြီးနားမြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြနန္ဒာအိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၁၀၆)သည် ယခုလက်ရှိ ဦးပျင်းစိန် အမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဦးပျင်းစိန်မှ ဦးကျော်ဝင်းသို့ တန်ဖိုးသတ်မှတ် ရောင်းချခဲ့ပါသဖြင့် ဦးကျော်ဝင်း အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းကို ကန့်ကွက်လိုပါက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)သို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၁ရပ်ကွက် စေတနာလမ်း အမှတ်၆၆၉/၁(ခ)နေ ဦးအောင်ခိုင်-ဒေါ်မြမြမူတို့၏သား မောင်အောင်ပြည့်စုံသည် မိဘဆိုဆုံးမသည်ကို နားမထောင်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအတွက် လုံးဝတာဝန်မယူပါ။

(မေးမြန်းခြင်းသည်းခံပါ။)

ဦးအောင်ခိုင် ၁၂/တမန(နိုင်)၀၄၇၅၇၅
ဒေါ်မြမြမူ ၁၂/တမန(နိုင်)၀၄၇၅၆၅။

သုံးဆယ် အထက အာစရိယပူဇော်ပွဲ

သာယာဝတီ ဒီဇင်ဘာ ၃၁

ပဲခူးတိုင်း(အနောက်ပိုင်း) အထက သုံးဆယ်၏ (၁၀)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)မွန်းတည့် ၁၂နာရီတွင် သုံးဆယ် အထက ပီမိုးနင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန်နှင့် ဆရာကန်တော့ပွဲသို့ လိုက်ပါလိုသူများနှင့် အလှူငွေ ထည့်ဝင်လှူဒါန်းလိုသူများ ဦးမြင့်စိုး ဖုန်း-၀၅၅-၃၀၄၈၅၊ ဦးကံသိမ်း ဖုန်း-၀၅၅-၃၀၁၂၂၊ ဦးမောင်မောင်မြင့် ဖုန်း-၀၅၅-၃၀၀၀၂၊ ဦးနေဝင်း ဖုန်း-၀၅၅-၃၀၅၂၂၊ ဦးမျိုးတင် ဖုန်း- ၀၅၅-၃၀၅၀၈၊ ဦးတင် မောင်ဝင်း(ရန်ကုန်) ဖုန်း-၀၁-၃၈၇၅၂၂နှင့် ဦးစိုးမြင့်(ရန်ကုန်) ဖုန်း-၀၉-၅၀-၁၇၃၇၁၊ ၀၁-၂၉၅၀၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဦးဖဲလမ်းပြီးစီးမှု ကွင်းဆင်း စစ်ဆေး

ဖရူဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဦးဖဲလမ်းပြီးစီးမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းဆင့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

လှူဒါန်း

(၁၄)ကြိမ်မြောက် အထက(၁) တာမွေ(၁၉၇၂-၇၃)ဝန်းကျင် ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာ ကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ရက်က ပင်လုံခန်းမ၌ ကျင်းပရာ ဆရာကြီး ဆရာမကြီးတို့၏ ကျန်းမာရေး စောင့်ရှောက်ရန်အတွက် ဆရာဦးအောင်မြင့်က ငွေကျပ် တစ်သိန်းကို ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေးအဖွဲ့မှ ကိုမောင်မောင်တီ၊ ဒေါက်တာတင်စံဦးနှင့် ကိုစိုးထွန်းတို့သို့ ပေးအပ်လှူဒါန်းစဉ်။ (၁၇၁)

မီးဘေး ကြိုတင်ကာကွယ်ရေးစစ်ဆေးအကြံပြု ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဆောင်ရွက်

စစ်တွေ ဒီဇင်ဘာ ၃၀

ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးမြင့်ဇော်၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးခင်မော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ၂၃ရက် နံနက်၁၀နာရီက စစ်တွေမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့သွားရောက်၍ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် စစ်ဆေးအကြံပြုခြင်း၊ ဟောပြောခြင်းများကို ဆောင်ရွက်ရာ စက်ရုံမှူး ဦးကျော်မြင့်အောင်နှင့် ဝန်ထမ်းများတက်ရောက်ခဲ့ကြပြီး မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်နှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ပြန်လည်ရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ပြည်နယ် ပြန်/ဆက်)

ထိန်းသိမ်းအပ်ပေ ဘိုးဘွားအမွေ

* ဗြိတိသျှနယ်ချဲ့၊ ကျွန်ပြုခဲ့၍
မင်းမဲ့ဌာနီ၊ မြန်မာပြည်သည်
ထီးစည်ကျိုးပေါက်၊ ကြွင်နံးပျောက်နှင့်
သူ့အောက်ကျွန်ဖြစ်၊ နှံ့မှာနစ်သည့်
အဖြစ်ဆိုးနှင့် ကြုံဖူးပြီ။

* ကျွန်၏ထမ်းပိုး၊ ကျွန်နှောင်ကြိုးဝယ်
အမျိုးဘာသာ၊ သာသနာလည်း
ရောင်ဝါမလန်း၊ နေထိပန်းသို့
ညှိုးနွမ်းနိမ့်ကျ၊ သိမ်ငယ်ရနှင့်
ဒုက္ခပင်လယ်ဝေခဲ့သည်။

* တရားလည်းမဲ့
ဥပဒေမဲ့ဖြင့်၊ နယ်ချဲ့ပြုရာ
နုရရှာလျက်၊ ဒို့မျိုးဆက်တို့
မျက်ကန်းနားပင်း၊ ကျွန်နွံတွင်းဝယ်
အလင်းကွယ်ပျောက်ခဲ့ရသည်။

* ခြေလက်များလည်း
တင်းထားသည့်ကြိုး၊ ကျွန်နှောင်ကြိုးကြောင့်
ပြတ်ကျိုးသည့်ပမာ၊ ကိုယ်လိုရာပင်
သွားလာလှုပ်ရှား မရပေ။

* ကိုယ့်ပြည်ကိုယ့်မျိုး၊ ချစ်မြတ်နိုးသည့်
ဒို့ဘိုးဒို့ဘေး၊ အသက်ပေးလျက်
သွေးချွေးမျက်ရည်၊ အရင်းတည်ကာ
ရစ်ချည်သည့်ကြိုး၊ ကျွန်နှောင်ကြိုးကို
ခုတ်ချိုးခြေဖြတ်၊ ရှင်းပယ်သတ်၍
လွတ်လပ်သည့်ပန်း၊ ထွတ်မြတ်ပန်းကို
ဆွတ်လှမ်းရယူပေးခဲ့သည်။

* ရရှိပြီးသည့်
ပြည်၏ခေါင်ပန်း၊ လွတ်လပ်ပန်းကို
လန်းဆန်းကြိုင်လှောက်၊ ထိန်ဝေတောက်အောင်
မပျောက်ကမ္ဘာတည်၊ အခွန့်ရှည်အောင်
မျှော်ရည်ချင့်တွေး၊ မျိုးဆက်သွေးတို့
တလေးတစား၊ အရေးထားလျက်
ဘိုးဘွားအမွေ ထိန်းသိမ်းစို့။ ။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

မောင်မောင်မိုးအောင်

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပုသိမ်တပ်နယ်မှ ဗိုလ်မှူးချုပ်ဇင်ယော်တို့ သုံးခွချောင်းတံတား(ကျုံတိုင်းကြီး)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုကြိုဆို

မြောင်းမြနှင့် အိမ်မဲမြို့နယ်ရှိ ကျေးရွာပေါင်းများစွာမှ ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုအကျိုးပြုမည့်

သုံးခွချောင်းတံတား(ကျုံတိုင်းကြီး)ပန်းတနော်မြို့နယ်၌ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ပန်းတနော်-အိမ်မဲလမ်းပေါ်ရှိ သုံးခွချောင်းတံတား(ကျုံတိုင်းကြီး) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

တံတားဖွင့်ပွဲသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၆ ●

သုံးခွချောင်းတံတား(ကျုံတိုင်းကြီး)ကို တွေ့ရစဉ်။ (သတင်းစဉ်)